ရှမ်းပြည်နယ်လွှတ်တော်

လွှတ်တော်သတင်းလွှာ

ShanState Hluttaw Bulletin

၁၃၈၂ ခု နှစ် ၊ ပထမဝါဆိုလဆန်း (၃) ရက်၊ ၂၂. ၆. ၂၀၂၀၊ အ တွဲ (၁)၊ အ မှတ် (၂၁)


# မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ ရှမ်းပြည်နယ်လွှတ်တော် လေ့လာရေးခရီးစဉ်



မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဦးဆောင်သော တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ရုံးဝန်ထမ်းများပါဝင်သော လေ့လာရေးအဖွဲ့အား (၁၄.၁.၂၀၂၀) ရက်နေ့ နံနက်(၀၉:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ကျားခေါင်းခန်းမ၌ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ရေးရာကော်မတီဥက္ကဋ္ဌများက ကြိုဆိုတွေ့ဆုံခဲ့ပြီး လွှတ်တော်နှစ်ရပ်လုပ်ငန်းအတွေ့အကြုံများ ဆွေးနွေးပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်၍ စုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးခဲ့ပါသည်။






# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပ



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို (၁၇-၂-၂၀၂၀) ရက်နေ့မှ (၂၁-၂-၂၀၂၀) ရက်နေ့အထိ (၅)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ပြည်နယ်ဥပဒေချုပ်၊ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဟန်သီဦးတို့က ဆောင်ရွက်ပါသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ကတိသစ္စာပြု၍ ကတိသစ္စာပေါ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၅၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပြီး၊ အဆို(၁)ခုတင်သွင်းပြီး ၎င်းအဆိုကိုအတည်ပြုခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ၎င်းစာရင်းများကို အတည်ပြုခဲ့ပါသည်။ ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးမှ တင်သွင်းသည့် ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ(မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ကော်မတီ၏အစီရင်ခံစာ ဖတ်ကြားတင်ပြခဲ့ပြီး လွှတ်တော်က အတည်ပြုခဲ့ပါသည်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ အစည်းအဝေး(ပထမနေ့)သို့ တက်ရောက်လေ့လာသူ ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ယခုအချိန်အခါဟာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း (၄)နှစ်ပြည့်မြောက်တဲ့ကာလဖြစ်သလို ပုံမှန်သက်တမ်းအရဆိုလို့ရှိရင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ နောက်ဆုံးနှစ်သို့ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်ရဲ့ အဓိက လုပ်ငန်းတာဝန်(၃)ရပ်ဖြစ်သော ဥပဒေပြုရေးတာဝန်၊ စောင့်ကြည့်ထိန်းကျောင်းရေး တာဝန်နဲ့ ပြည်သူတို့အား ကိုယ်စားပြုရေးတာဝန်များကို အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ ဆောင်ရွက်ခဲ့သလို လွှတ်တော်ကော်မတီအလိုက် ဆောင်ရွက်တာတွေလည်း ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရုံးလုပ်ငန်းများကို ရုံးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးကြတဲ့အတွက် လွှတ်တော်ရဲ့ အဝိုင်းအဝန်းအားလုံးကို အသိအမှတ်ပြုမှတ်တမ်းတင်ပါကြောင်းဦးစွာ ပြောကြားလိုပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း(၄)နှစ်တာ ကာလအတွင်း ရရှိသောအတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သောစိတ်ရင်း၊ စေတနာပါသော လုပ်နည်းလုပ်ဟန်နှင့် အမြော်အမြင်ကြီးမားသော ကြိုးပမ်းမှုတို့ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရအုံးမှာဖြစ်ပါတယ်။

ယခုလွှတ်တော်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၃၁ ဦးက ပေးပို့ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၆၆ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ အဆိုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပေးပို့ထားတဲ့ အဆို ၂ ခုကို ကျွန်တော်တို့ အဆင်သင့်ဖြစ်ပါက ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၂ မှာ စည်းကမ်းချက် ၁၀ ချက် သတ်မှတ်ပြဋ္ဌာန်းထားသည်ကို လွှတ်တော်ကိုယ်စားလှယ်များအားလုံး လေ့လာထားပြီးလည်းဖြစ်မှာပါ။ သို့သော် “သတိမမူ ဂူမမြင်” “ပညာရှိ သတိဖြစ်ခဲ”ဆိုသည့်အတိုင်း စည်းကမ်းချက် ၁၀ ချက်ထဲက စည်းကမ်းချက် ၃ ချက်ကို ကျွန်တော့်အနေနဲ့ ကောက်နုတ်ဖော်ပြလိုပါတယ်။ နည်းဥပဒေ ၁၀၂ (ခ) မှာဆိုလို့ရှိရင် အကြောင်းအရာကိစ္စ တစ်စုံတစ်ခုကို သိလို၍ စုံစမ်းမေးမြန်း

သောအချက်သာပါရှိရမည်ဖြစ်ပြီးရှင်းလင်းလွယ်ကူစွာနားလည်စေရန်မှတစ်ပါးအမည်နာမသို့မဟုတ်ဖော်ပြချက်များမပါရှိစေရ၊ နည်းဥပဒေ ၁၀၂(ဆ)မှာဆိုလို့ရှိရင် လိုအပ်ခြင်းမရှိဘဲ အတိတ် ကာလဖြစ်ရပ်များကို စုံစမ်းမေးမြန်းသည့် မေးခွန်းများမဖြစ်စေရဟု ဖော်ပြပါရှိသလို နည်းဥပဒေ ၁၀၂ (ဇ)မှာဆိုလို့ရှိရင် လွယ်ကူစွာရရှိနိုင်သော မှတ်တမ်းများ သို့မဟုတ် စာအုပ်များတွင်ပါရှိသော အကြောင်းများကို သိရှိရန် မေးမြန်းခြင်းမပြုရဟု ဖော်ပြပါရှိပါတယ်။ ဒါကြောင့် မေးခွန်းများမေးမြန်းခြင်းနှင့်ပတ်သက်လို့ အဲ့ဒီစည်းကမ်းချက်အတိုင်း လိုက်နာဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ (၄)နှစ်ပြည့်မြောက်တဲ့ ကာလအတွင်း လွှတ်တော်အစည်းအဝေး စုစုပေါင်း ၂၁ ကြိမ်ကျင်းပခဲ့ရာမှာ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၉၅၄ ခု မေးမြန်းဖြေကြားခြင်း၊ အဆို ၅၉ ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ တင်သွင်းသည့် အဆိုများအနက် အဆို ၃၄ ခုကို အတည်ပြုနိုင်ခဲ့ပြီး ကြယ်ပွင့်မပြမေးခွန်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များထံက စဉ်ဆက် မပြတ်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ကြယ်ပွင့်မပြမေးခွန်းပေါင်း ၆၄၉ ခု ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်(၁)ရပ်ဖြစ်သော ဥပဒေပြုရေးနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ ပုံမှန်ဥပဒေများဖြစ်ကြတဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ဒေသန္တရစီမံကိန်းဆိုင်ရာ ဥပဒေ (၈)ခုကိုလည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် ဥပဒေ (၁၁)ခုကိုလည်းကောင်း အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ ယနေ့အထိ အတည်ပြုလိုက်တဲ့ ဥပဒေ(၁၁)ခုအနက် ဥပဒေမူကြမ်း (၄)ခုမှာ လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုနဲ့ ရေးဆွဲခဲ့တဲ့ ဥပဒေကြမ်းများဖြစ်ကြောင်း ဖော်ပြအပ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အတွက် လွှတ်တော်ကော်မတီနှင့် အဖွဲ့များကို ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၂ နှင့်အညီ လွှတ်တော်ကော်မတီ ၁၀ ခုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၈၉ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတို့၏ တင်ပြစာများ၊ တိုင်ကြားစာများအရ ကော်မတီများမှ လိုအပ်သလို ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ သက်တမ်း(၄)နှစ်တာကာလအတွင်း ရေးရာကော်မတီ(၇)ခုမှ ကွင်းဆင်း ဆောင်ရွက်သည့်အကြိမ်ပေါင်းမှာ ၃၈ ကြိမ်ဖြစ်ပါတယ်။ ကော်မတီများ၏ ကွင်းဆင်း ဆောင်ရွက်သည့် အမှုတွဲပေါင်းမှာ ၁၄၉ ခုဖြစ်ပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ လွှဲပြောင်း ညှိနှိုင်းဆောင်ရွက်ခဲ့ရာမှာ ယနေ့အထိ အစိုးရအဖွဲ့ထံမှ ပြန်ကြားလာသော အမှုတွဲပေါင်းမှာ ၁၂၀ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီ(၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို လွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ရေးဆွဲပြုစုခဲ့တဲ့ ဥပဒေမူကြမ်း (၁)ခုနဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းတဲ့ ဥပဒေမူကြမ်းကိုလည်းပဲ ဒီအစည်းအဝေးမှာ ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

ဥပဒေရေးဆွဲခြင်းဟာ လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်ပြီး ရေးဆွဲတဲ့ ဥပဒေဟာ နည်းမှန်လမ်းမှန် အသုံးပြုနိုင်ဖို့ လိုအပ်သလို ရလဒ်ကောင်းများလည်း ရရှိဖို့ လိုအပ်ပါတယ်။ ဥပဒေရေးရာကို ဆောင်ရွက်ရန် တရားရုံးကိစ္စ ဖြစ်သော်လည်းပဲ နိုင်ငံရေးကဏ္ဍမှာ ဥပဒေကို ကျင့်သုံးခြင်းကတော့ အစိုးရကသာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်နဲ့ အစိုးရအကြား အပေးအယူ မျှမျှတတ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီ ကျင့်စဉ်များကို မှန်မှန်ကျင့်သုံး၍ ဒီမိုကရေစီ၏ မဏ္ဍိုင် ဖြစ်သော သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်း နည်းလမ်းများဖြင့် မိမိတို့ လွှတ်တော်တာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ကြပါစေ။ နိုင်ငံတော်မှသန္နိဋ္ဌာန်ချမှတ်ထားသည့် တိုင်းရင်းသားပြည်သူများကလည်း နှစ်ရှည်လများ လိုလားတောင့်တပြီး အာသာဆန္ဒပြင်းပြနေသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုစနစ် ပေါ်ထွန်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၃၀) ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၅၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းကျောက်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းလင်းမြတ်က ကြယ်ပွင့်ပြမေးခွန်းအား မေးခွန်းမေးမြန်းစဉ်



ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအေးမင်းထိုက်က ကြယ်ပွင့်ပြမေးခွန်းအား မေးခွန်းမေးမြန်းစဉ်



ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှုန်တစ်လုံက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၃၀) ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၅၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးညီညီမင်းက ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းထွန်းဉာဏ်က ကြယ်ပွင့်ပြမေးခွန်းအား မေးခွန်းမေးမြန်းစဉ်



ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးအေးမင်းစိုးက ကြယ်ပွင့်ပြမေးခွန်းအား မေးခွန်းမေးမြန်းစဉ်



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်

# ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးညီညီ(ခ) ဦးညီလေးချမ်းက “ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျော့ချရေးအတွက် ပညာပေး ဟောပြောပွဲများပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန်များကို စီမံချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို” တင်သွင်းခြင်း



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုတင်သွင်းနေစဉ်



ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းက အဆိုအား ရှင်းလင်းဆွေးနွေးနေစဉ်

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းက "ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ် သုံးစွဲခြင်းကို လျော့ချရေးအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ် သုံးစွဲမှုကင်းမဲ့ဇုန်များကို စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းရာ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးနှင့် မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းတို့က အသီးသီး ထောက်ခံဆွေးနွေးကြပြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းက ရှင်းလင်းဆွေးနွေးပြီး အတည်ပြုပေးပါရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။



ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်က အဆိုအားဆွေးနွေးနေစဉ်



မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းက အဆိုအားဆွေးနွေးနေစဉ်



ရှာင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစဝ်အောင်မြတ်က ကြယ်ပွင့်ပြ မေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က အစည်းအဝေး တက်ရောက်ရန် လက်မှတ်ရေးထိုးနေစဉ်

ရှာင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က “ ရှာင်မြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စု၊ မင်းတိုင်ပင်ကျေးရွာရှိ မင်းတိုင်ပင်ရေလှောင်ဆည်၏ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရေလွှဲဆည်ရေရှည် တည်တံ့ရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းအားမည်သို့ စီမံဆောင်ရွက်ထားသည်”နှင့် စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းခဲ့ရာ ပြည်နယ်စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ဖြေကြားခဲ့ပါသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အစည်းအဝေး တက်ရောက်ရန် လက်မှတ်ရေးထိုးနေစဉ်



ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က အစည်းအဝေးတက်ရောက်ရန် လက်မှတ်ရေးထိုးနေစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးစိုးညွန့်လွင်က ရှမ်းပြည်နယ်လွှတ်တော်သို့ အောက်ပါအတိုင်း တင်သွင်းခဲ့ပါသည် -

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃။)ကို ရှမ်းပြည်နယ်လွှတ်တော်မှ ( ၂၀ - ၉- ၂၀၁၉ ) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများအနေနဲ့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက် ဘောင်အတွင်း မိမိတို့ကောက်ခံရမည့် အခွန်အကောက်နှင့် အခြားရငွေများကို အပြည့်အဝရရှိစေရေး စီမံကြီးကြပ်ကောက်ခံရန်နှင့် အသုံးစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ် သုံးစွဲကြရန် အဓိကတာဝန်ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ကြီးကြပ်လမ်းညွှန်လျက်ရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ (၉-၁၂-၂၀၁၉) ရက်စွဲပါစာအမှတ် ၂၃၈၀/ ၂၄၂ - ဘဏ္ဍာငွေ ၃ - ၆ /အဖရ (၂၀၁၉) ဖြင့် ညွှန်ကြားချက်အရ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများအနေဖြင့် အမှန်ကုန်ကျမည့် အသုံးစရိတ်များကို အနီးကပ်ဆုံး ခန့်မှန်း ရေးဆွဲခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲနိုင်သည်များကို လွှဲပြောင်းသုံးစွဲစေခြင်းစသည် တို့ကို ဆောင်ရွက်ပြီး တတ်နိုင်သမျှ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရခြင်းမရှိစေဖို့ ဆောင်ရွက်ကြရန်နှင့် သာမန်အသုံးစရိတ် အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရာမှာ မဖြစ်မနေပေးချေရန်ရှိသော အသုံးစရိတ်များအတွက်ကိုသာ တောင်းခံရန် နှင့် ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရာမှာလည်း ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းဥပဒေတွင် မပါဝင်သော လုပ်ငန်းစီမံကိန်းသစ်များကို တောင်းခံခြင်းမပြုရန်နှင့် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များ အတွက်ကိုသာ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း (၃၅/၂၀၁၇)မှာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုကို ဌာန/ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စီမံကိန်းများအတွက်လိုအပ်သည့်အသုံးစရိတ်များကိုကျခံနိုင်ရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်၍လည်းကောင်း၊ရန်ပုံငွေလွှဲပြော င်းကျခံသုံးစွဲနိုင်ခြင်းမရှိ၍လည်းကောင်း ထပ်မံလိုအပ်တဲ့ငွေကိုသတ်မှတ်ထားသည့်အချိန်ကာလအတွင်းပြည်နယ်အစိုးရအဖွဲ့သို့ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တင်ပြတောင်းခံနိုင်ပါကြောင်း၊ အဆိုပါဖြည့်စွက်ခွင့်ပြုငွေကို ပြည်နယ်လွှတ်တော်မှ နောက်ထပ်ဘဏ္ဍာ ငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲရမည်ဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေများကို ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း မပြုရဟူ၍ ဖော်ပြပါရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း(၃၅/၂၀၁၇)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဌာန/ အဖွဲ့အစည်းများမှ တင်ပြလာတဲ့ သာမန်အသုံးစရိတ်စာရင်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစာရင်းများအနက်မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၉– ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေသုံးစွဲရမည့် ကိစ္စရပ်များအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအဖြစ် ရေးဆွဲတောင်းခံထားခြင်း ဖြစ်ပါတယ်။

၂၀၁၉– ၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် စုစုပေါင်းရငွေ ကျပ် ၂၉၅.၉၉၅ ဘီလီယံ ရရှိခဲ့ရာမှ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ကျပ် ၂၉၉.၇၃၈ ဘီလီယံ ဖြစ်သဖြင့် ကျပ် ၃.၇၄၃ ဘီလီယံ တိုးတက်ရရှိပါတယ်။ အဆိုပါ ရငွေတိုးတက်မှုတွင် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ အခွန်ဝေစုခွဲဝေပေးငွေ ကျပ် ၃.၆၇၄ ဘီလီယံ၊ အခွန်အကောက်တိုးတက်ကောက်ခံရရှိမှု ကျပ် ၀.၁၃၁ ဘီလီယံနှင့် ငွေလုံးငွေရင်း ကျပ် ၀.၀၈၃ ဘီလီယံ တိုးတက်ရရှိသော်လည်း ပြည်နယ်မှ ကိုယ်တိုင်ရှာဖွေရငွေဖြစ်သည့် အခြားသာမန်ရငွေတွင် ကျပ် ၀.၁၄၅ ဘီလီယံ လျော့နည်းရရှိတာကို တွေ့ရှိရပါတယ်။

၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် စုစုပေါင်းအသုံးစရိတ် ကျပ် ၂၉၅.၉၉၅ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ကျပ် ၃၁၆.၃၂၉ ဘီလီယံ ဖြစ်သဖြင့် ကျပ် ၂၀.၃၃၄ ဘီလီယံ တိုးတက်ပြီးတော့ သုံးစွဲထားတာ တွေ့ရပါတယ်။ ဒါကြောင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုအခြေအနေမှာ သာမန်အသုံးစရိတ်စာရင်းတွင် ကျပ် ၃.၀၁၄ ဘီလီယံနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းတွင် ကျပ် ၁၇.၃၂၀ ဘီလီယံရှိမှာ ဖြစ်ပါတယ်။

သာမန်အသုံးစရိတ်စာရင်းအတွက်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုတွင်ပြင်ဆင်ထိန်းသိမ်းစရိတ်ခေါင်းစဉ်အတွက် ၁.၁၉၆ ဘီလီယံဖြင့် အများဆုံးတောင်းခံထားပြီး လစာ၊ စရိတ်၊ ချီးမြှင့်ငွေခေါင်းစဉ်အတွက် ကျပ် ၁.၀၈၃ ဘီလီယံဖြင့် ဒုတိယအများဆုံး တောင်းခံထားတာကိုတွေ့ရှိရပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းအတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုတွင် တည်ဆောက်ရေးလုပ်ငန်းအတွက် ကျပ် ၁၄.၇၀၀ ဘီလီယံဖြင့် အများဆုံးတောင်းခံထားပြီး အဆိုပါ တည်ဆောက်ရေးလုပ်ငန်းတွေမှာ လမ်း/တံတားလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် အသုံးစရိတ်များ အပါအဝင်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စုမှထောက်ပံ့ငွေ အပါအဝင် သာမန်ရငွေ ကျပ် ၂၉၉.၆၅၅ ဘီလီယံနဲ့ ငွေလုံးငွေရင်း ရငွေ ကျပ် ၀.၀၈၃ ဘီလီယံ စုစုပေါင်းရငွေ ကျပ် ၂၉၉.၇၃၈ ဘီလီယံဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုအရ ဖြစ်ပေါ်လာမဲ့ ၂၀၁၉– ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းမှာ သာမန်အသုံးစရိတ်စာရင်းတွင် ကျပ် ၁၁၀.၈၆၄ ဘီလီယံနဲ့ ငွေလုံးငွေရင်း အသုံးစရိတ်စာရင်းတွင် ကျပ် ၂၀၅.၄၆၅ ဘီလီယံ စုစုပေါင်းအသုံးစရိတ် ကျပ် ၃၁၆.၃၂၉ ဘီလီယံ ဖြစ်ပေါ်ပါတယ်။

တင်ပြတောင်းခံထားတဲ့ဖြည့်စွက်ခွင့်ပြုငွေကို ပြည်ထောင်စုနှင့် ပြည်နယ်လွှတ်တော်တို့မှ ဖြတ်တောက်ခြင်း မရှိခဲ့ဘူးဆိုရင် စုစုပေါင်းရငွေနဲ့ စုစုပေါင်းအသုံးစရိတ် ခြားနားချက်ဖြစ်တဲ့ ကျပ် ၁၆.၅၉၁ ဘီလီယံမှာ ပြည်ထောင်စုမှ ကျွန်တော်တို့ကို ထပ်မံပြီးတော့ ထောက်ပံ့ပေးရမဲ့ ပမာဏ ဖြစ်ပါတယ်။

၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားတဲ့ သာမန်အသုံးစရိတ် ကျပ် ၃.၀၁၄ ဘီလီယံနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်း ကျပ် ၁၇.၃၂၀ ဘီလီယံ၊ စုစုပေါင်း အသုံးစရိတ် ကျပ် ၂၀.၃၃၄ ဘီလီယံကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်က အောက်ပါအတိုင်းဆွေးနွေးခဲ့ပါသည် –

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သည့် ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ ကျွန်တော်တို့ သက်ဆိုင်ရာ နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်တဲ့အခါ သက်ဆိုင်ရာမဲဆန္ဒရှင်ပြည်သူတွေကနေပြီးတော့မှ ၎င်းတို့ရဲ့လိုအပ်ချက် အခက်အခဲတွေကို လွှတ်တော်ကိုယ်စားလှယ်များထံ အားကိုးတကြီး တင်ပြကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ပြည်သူတွေရဲ့ တင်ပြချက်တွေကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းသင့်တာ ညှိနှိုင်းပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဆောင်ရွက်ပေးနိုင်ခြင်းမရှိတဲ့ ကိစ္စရပ်တွေကိုသာ လွှတ်တော်မှာ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းတွေ မေးမြန်းလေ့ရှိပါတယ်။ လွှတ်တော်မှာမေးခွန်းမေးမြန်းရခြင်းမှာသက်ဆိုင်ရာပြည်သူများရဲ့အခက်အခဲတွေကိုဖြည့်ဆည်းပေးစေလိုတာကတစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ကို အားကိုးသည်ကတစ်ကြောင်း အစရှိသဖြင့် မေးမြန်းခြင်းဖြစ်ပါတယ်။ လွှတ်တော်တွင်မေးမြန်းသည့် မေးခွန်းများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဟုတ်ဘဲ ဒေသခံပြည်သူများ၏ ဆန္ဒသာဖြစ်ကြောင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့အား လေးလေးစားစား တင်ပြလိုပါတယ်။

ဒါကြောင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးအသီးသီး၏ဖြေကြားချက်များဟာ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသော အဖြေများသာ ဖြစ်စေလိုပါတယ်။ ယခုတွေ့ရှိရသလောက် ဖြေကြားချက်အများစုဟာ လွှတ်တော်တွင် ကတိကဝတ် ဖြစ်သွားမည်ကို စိုးရိမ်၍ ကြားကျကျအဖြေများသာ ဖြေကြားသည်ဟု ကျွန်တော့်အနေဖြင့် ထင်မြင်ယူဆမိပါတယ်။ ယခု ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာလည်း လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များထက်

သက်ဆိုင်ရာဝန်ကြီးဌာနများက လုပ်ငန်းလိုအပ်ချက်အရ ဦးစားပေးထည့်သွင်းလျာထားတာကို တွေ့ရှိရပါတယ်။ ကြယ်ပွင့်ပြ/ ကြယ်ပွင့်မပြမေးခွန်းများကို ဘတ်ဂျက်လျာထားချက်များတွင် ထည့်သွင်းမှုအားနည်းသည်ကိုတွေ့ရပါတယ်။ RE ဟုခေါ်သည့် ဖြည့်စွက်ရန်ပုံငွေဟာ လုပ်ငန်းအသစ်တွေမဟုတ်ဘဲ လုပ်ငန်းဆက်များကိုသာ ဆောင်ရွက်ရန်ဟု သတ်မှတ်ထားသော်လည်း အချို့ဌာနများက လုပ်ငန်းသစ်များကို ထည့်သွင်းလျာထားတာကို တွေ့ရှိရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်ဖြစ်သော လုပ်ငန်းသစ်များကိုလည်း ထည့်သွင်းဆောင်ရွက်ပေးသင့်ပါတယ်။

ဘတ်ဂျက်ရဲ့သဘောသဘာဝအရ သာမန်နှင့်ငွေလုံးဟူ၍ နှစ်မျိုးရှိရာ သာမန်သည် မဖြစ်မနေ ကုန်ကျမည့် ဝန်ထမ်းလစာစရိတ်၊ ခရီးစရိတ်၊ ရုံးသုံးအထွေထွေစရိတ်နှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုသည့် လုပ်ငန်းများသာဆောင်ရွက်ရမည်ဟု ကျွန်တော့်အနေဖြင့် နားလည်ထားပါတယ်။ ထို့ကြောင့် သာမန်သည် လွှတ်တော်က ဖြတ်တောက်ခံရနိုင်ခြင်းမရှိသည့် ငွေစာရင်းခေါင်းစဉ်ဖြစ်ပြီး ငွေလုံးသည် လွှတ်တော်က ဖြတ်တောက်ခံရနိုင်သည့် ငွေစာရင်း ခေါင်းစဉ်ဖြစ်သောကြောင့် တချို့သောဌာနများသည် မိမိတို့ဆောင်ရွက်လိုသည့်လုပ်ငန်းများကို သာမန်ခေါင်းစဉ်အောက်တွင် ထည့်သွင်းလျာထားကြတာ ကိုလည်း တွေ့ရှိရပါတယ်။

ယခုဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၏ တင်ပြချက်အရ သာမန်နှင့် ငွေလုံး နှစ်ရပ်ပေါင်း ဘီလီယံ ၂၀ ကျော် အဆိုပြုတောင်းခံထားတာကို တွေ့ရှိပါတယ်။ ပြည်ထောင်စုမှ ယခုဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေရေးဆွဲရာတွင် အနီးစပ်ဆုံးခွင့်ပြုပေးနိုင်သည့်ပမာဏကိုသာ ရေးဆွဲရန် ညွှန်ကြားထားပြီးဖြစ်သည့် အတွက် ယခု အဆိုပြုထားသည့် ဘီလီယံ ၂၀ ကျော်သည် ရနိုင်ခြေရှိသည့် ပမာဏကိုသာ ရေးဆွဲထားခြင်း ဖြစ်သည်ဟု ယူဆမိပါတယ်။ ဌာနအသီးသီးက ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ နှင့် တင်ပြတောင်းခံထားသည့်လုပ်ငန်း များ ရှင်းလင်းရာတွင်လည်း လုပ်ငန်းဆောင်ရွက်မည့် မြို့နယ်၊ တည်နေရာ၊ အကျိုးရှိနိုင်မည့် အခြေအနေတို့ကို ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းပါက ပိုမိုအဆင်ပြေလွယ်ကူစေမှာ ဖြစ်ပါတယ်။

အချို့သော ဌာနများဟာ လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေဆောင်ရွက်ရမည်ဟု တင်ပြထားသော်လည်း မြေပြင်အခြေအနေထိ လုပ်ငန်းအမှန် တကယ် လိုအပ်ချက် ရှိ/ မရှိကို စိစစ်ရေးကော်မတီ ကိုယ်စားလှယ်တော်ကြီးများက ကွင်းဆင်း မစိစစ်နိုင်သည့်အတွက် ဓာတ်ပုံမှတ်တမ်း အပြည့်အစုံ၊ တွက်ချက်မှုပုံစံအကြမ်းတို့ဖြင့် ရှင်းလင်းသင့်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနဆိုလျှင် ပဲပုတ်မျိုးသန့်ထုတ်လုပ်ခြင်း ပညာပေးလုပ်ငန်း GAP လိုက်နာကျင့်သုံးလာနိုင်ရေးအတွက် သီးနှံမျိုးစုံအား (၁) ကေလျှင် (၁၀,၀၀၀) ကျပ်နှုန်း စည်းရုံးထောက်ပံ့ခြင်းလုပ်ငန်းဆိုလျှင် မည်သည့်နေရာ၊ မည်သည့်မြို့နယ်တွင် ဆောင်ရွက်မည်ဆိုတာ မသိရပါဘူး။ ဒါတွေဟာ မဖြစ်သင့်ဘူးလို့ တင်ပြလိုပါတယ်။

ယခင်နှစ် ဖြည့်စွက်ရန်ပုံငွေမှာဆိုလျှင် ပြည်ထောင်စုကို ၁၇ ဘီလီယံကျော်လောက် တင်ပြခဲ့သော်လည်း အမှန်တကယ်ရရှိခဲ့သည်မှာ ၈ ဘီလီယံသာ ရရှိခဲ့ပါတယ်။ ယခုနှစ်တွင် ၂၀ ဘီလီယံကျော် တင်ပြထားသည်မှာ ပြည်ထောင်စုမှ မည်မျှခွင့်ပြုမည်ကို ကျွန်တော်တို့ မသိရှိရသေးပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေ ဖြင့်လည်း တင်ပြတောင်းခံထားသည်များ အားလုံးရရှိစေချင်ပါတယ်။ တင်ပြထားသည့် ရန်ပုံငွေများအားလုံးရရှိအောင် ရှမ်းပြည်နယ်လွှတ်တော်က ကူညီလို့ရမည့် အခန်းကဏ္ဍရှိလျှင် ကူညီမည့်အကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြလို ပါတယ်။ ဆည်မြောင်းဦးစီးဌာနဆိုလျှင် ကျွန်တော့်အနေဖြင့် တင်ပြထားပြီး လွှတ်တော်တွင် ကတိကဝတ်ဖြစ်နေသည့် လုပ်ငန်းများမပါရှိဘဲ ဌာနမှ တင်ပြသည့်လုပ်ငန်းများသာပါရှိသဖြင့် ဆည်မြောင်းဦးစီးဌာန၏ သာမန်ခေါင်းစဉ်အောက် အမှတ်စဉ်(၂)တွင်ရှိသည့် ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ လယ်တော်ရွာ၊ ဖိုးအောင်ဆည် အထွေထွေ ပြုပြင်ခြင်းလုပ်ငန်းအစား ကတိကဝတ်ဖြစ်သည့် နဂါးပတ်ချောင်းမြေထိန်းနံရံ ကျောက်လိုင်နင်စီခြင်းခေါင်းစဉ်ဖြင့် ပြောင်းလဲ လိုကြောင်း တင်ပြလိုပါတယ်။

မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဆိုလျှင်လည်း လွှတ်တော်တွင် တင်ပြထားသည့်လုပ်ငန်းများ ပါဝင်ခြင်းမရှိဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ တင်ပြသည့်လုပ်ငန်းများကိုသာ ဦးစားပေးထည့်သွင်းထားပါတယ်။ ကျွန်တော်တို့ သိသလောက် ရှမ်းပြည်နယ်လွှတ်တော်တွင် ကတိကဝတ်ဖြစ်နေသောလုပ်ငန်းများကို ဦးစားပေးလျာထားရန် သက်ဆိုင်ရာ စီမံကိန်းရေးဆွဲရေးဦးစီးဌာနများသို့ ညွှန်ကြားထားကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်၏တင်ပြချက် လွှတ်တော်၏ ကတိကဝတ်တစ်ခုဖြစ်သော ကောင်းဘို့ကျေးရွာအုပ်စု၊ တူးတယ်ရွာ လျှပ်စစ်မီးလင်းနိုင်ရန်နှင့် ကောင်းဘို့ကျေးရွာတွင် မို့အားပြည့်မီရန် ၄၀၀ ဗို့ ဓာတ်အားလိုင်း (၂.၅) မိုင်အား အခြားလုပ်ငန်းများလျှော့၍ ထည့်သွင်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ လင်းခေးမြို့နယ်၊ ဟိုမိန်းမြို့မှာဆိုလျှင် လျှပ်စစ်မီးလင်းရေးလုပ်ငန်း၊ လုပ်ငန်း (၁၄) ခုအထိ လွှတ်တော်ကိုယ်စားလှယ်များ၏တင်ပြချက် လွှတ်တော်ကတိကဝတ် မဟုတ်ဘဲနဲ့ ထည့်သွင်းလျာထားတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီအနေဖြင့် ကွင်းဆင်းဆောင်ရွက်ထားသော ညောင်ရွှေမြို့နယ်၊ တီလောကြီးစခန်းကျေးရွာအုပ်စု၊ ကံကောင်းရွာတွင်လိုအပ်နေသော ၄၀၀ ဗို့ ဓာတ်အားလိုင်း (၁)မိုင်ကိုလည်း ထည့်သွင်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ လွှတ်တော်တွင် ကတိကဝတ်ဖြစ်နေသည့်လုပ်ငန်းများကို မြို့နယ်စီမံကိန်းရုံးများက မသိရှိကြပါ။

သို့ပါ၍ ကတိကဝတ်လုပ်ငန်းများ စီမံကိန်းတွင်ပိုမိုပါရှိလာအောင် မြို့နယ်စီမံကိန်းရုံးများအထိ ကိုယ်စားလှယ်အသီးသီး၏ လွှတ်တော်တွင်းဖြေကြားချက် ကတိကဝတ်များကို မြို့နယ်အလိုက်ပေးပို့ဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီစဉ်ပေးစေလိုပါတယ်။ နတလဌာန ဆိုလျှင် ကျွန်တော့်မြို့နယ်တွင် လွှတ်တော်တင်ပြချက်မဟုတ်ဘဲ လုပ်ငန်း(၂)ခု လျာထားတာ ကိုတွေ့ရပါတယ်။ ကျွန်တော့်အနေဖြင့် အဆိုပါလုပ်ငန်း(၂) ခုကို သဘောမတူပါ။ အစားထိုးလုပ်ငန်း မရရှိပါက ပြန်လည်အပ်နှံမည်ဆိုလျှင်လည်း ကျွန်တော့်အနေဖြင့် လက်ခံပါတယ်။

ကျွန်တော်တို့ဆွေးနွေးနေကြသည့် ဖြည့်စွက်ရန်ပုံငွေများဟာ ပြည်ထောင်စုမှ မည်မျှဖြတ်တောက်မည်၊ မည်မျှခွင့်ပြုမည်ကို မသိရှိရသေးပါ။ ပြည်ထောင်စုမှ ပြန်လည်အတည်ပြုပြီးပါက ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဆိုင်ရာဥပဒေ အတည်မပြုမီ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြင့် နောက်တစ်ကြိမ် အကျေအလည်ဆွေးနွေးပြီးမှသာ ယင်းဥပဒေကို အတည်ပြုသင့်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

---

## ရှမ်းပြည်နယ်လွှတ်တော်၏ မျှော်မှန်းချက်( Vision )

**ရှမ်းပြည်နယ်သူ/သားတို့၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေး၊ လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ပွင့်လင်းမြင်သာစွာဖြင့်ဖော်ဆောင်ပေးနိုင်မည့် လွှတ်တော်တစ်ရပ် ဖြစ်လာစေရန် ဖြစ်ပါသည်။**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင့်က ကော်မတီ၏ အစီရင်ခံစာအားလွှတ်တော်သို့ တင်ပြခြင်း



ရှမ်းပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင့်က ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ ကော်မတီ၏အစီရင်ခံစာအား လွှတ်တော်သို့ အောက်ပါအတိုင်း ဖတ်ကြားခဲ့ပါသည် -

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၊ (၁၇.၂.၂၀၂၀) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသည့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း အပေါ် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၉.၂.၂၀၂၀)ရက်နေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးကာ နည်းဥပဒေ ၆၆ နှင့်အညီ အစီရင်ခံစာ ပြုစုတင်ပြသွားမှာဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို (၂၀၁၉ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃ ။) ဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ (၂၀.၉.၂၀၁၉) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် ဌာန(၁၉)ခု မှာ သာမန်အသုံးစရိတ်အဖြစ် ကျပ် ၃.၀၁၄ ဘီလီယံ ၊ ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ် ကျပ် ၁၇.၃၁၉ ဘီလီယံ၊ စုစုပေါင်းကျပ် ၂၀.၃၃၃ ဘီလီယံ တောင်းခံထားသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အနေဖြင့် လစာ၊ စရိတ်ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ဓာတ်ဆီ/ စက်ဆီ၊ ပြင်ဆင်ထိန်းသိမ်းရေးစရိတ်၊ ပညာရေးနှင့် လူမှုရေး အသုံးစရိတ်နှင့် ပင်စင် စသည့်ခေါင်းစဉ် များအတွက် တောင်းခံထားသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအနေဖြင့် တည်ဆောက်ရေး၊ စက်ပစ္စည်း၊ အခြားခေါင်းစဉ်များအောက်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းတံတားပြင်ဆင်ခြင်း၊ လျှပ်စစ်မီးရရှိရေး၊ ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သည့်ဌာနများ၏လုပ်ငန်းများတွင် စည်ပင်သာယာရေးဌာနအတွက် တောင်းခံထားသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းမှာ ပြည်နယ်ချုပ်အနေဖြင့် ရငွေမှာ ကျပ် ၄၉.၀၄၈ ဘီလီယံ၊ အသုံးစရိတ်မှာ ကျပ် ၃၁၆.၃၂၉ ဘီလီယံ ဖြစ်၍ လိုအပ်ငွေမှာ ကျပ် ၂၆၇.၂၈၀ ဘီလီယံ ဖြစ်သည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြည်နယ်အတွက် ပြည်ထောင်စုမှထောက်ပံ့ငွေမှာ ကျပ် ၂၅၀.၆၈၉ ဘီလီယံ ဖြစ်သည့်အတွက် ထပ်မံထောက်ပံ့ ရန်လိုအပ်ငွေမှာ ကျပ် ၁၆.၅၉၀ ဘီလီယံ ဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

စိစစ်သုံးသပ်ချက်

အောက်ပါအတိုင်း စိစစ်သုံးသပ်တွေ့ရှိရပါတယ် -

(၁) ကော်မတီအစည်းအဝေးများတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ အဆုံးအဖြတ်ပေးနိုင်သည့် တာဝန်ရှိ ပြည်နယ်မှူးများ ကိုယ်တိုင်တက်ရောက်ဖြေရှင်း ဆောင်ရွက်ရန် အကြောင်းကြားခဲ့သော်လည်း အချို့ဌာနများ အနေဖြင့် တက်ရောက်နိုင်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။ နောင်လာမည့်အစည်းအဝေးများတွင် ပြည်နယ်မှူးအဆင့်ရှိ တာဝန်ရှိပုဂ္ဂိုလ်များမှတက်ရောက် ဖြေကြားရှင်းလင်းပေးရန်လိုအပ်ခြင်း၊

(၂) ဘတ်ဂျက်စိစစ်မှုများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာခြင်း၊

(၃) သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံရာတွင် စာရင်းဇယားများပြည့်စုံမှုမရှိ သဖြင့် အသေးစိတ်စာရင်းဇယားများ ပူးတွဲတင်ပြပေးရန်လိုအပ်ခြင်း၊

(၄) လွှတ်တော်ကတိကဝတ်ဖြစ်နေသော လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာနတို့တွင် ငွေရပ်ပြောင်းလဲမှုမရှိသော်လည်း ဆွေးနွေးညှိနှိုင်း ချက်အရ လုပ်ငန်းတည်နေရာ အနည်းငယ်ပြောင်းလဲပြင်ဆင်မှုဆောင်ရွက်ရန်လိုအပ်ခြင်း။

အကြံပြုချက်

အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်-

(၁) ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကိစ္စရပ်များ စိစစ်မှုပိုမိုအားကောင်းလာစေရန် ရှမ်းပြည်နယ်လွှတ်တော်ရုံးတွင် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ရန်၊

(၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီနှင့် တွေ့ဆုံညှိနှိုင်းရေးကို အလေးထားဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာဌာနများမှ လုပ်ငန်းစီမံကိန်းဆောင်ရွက်သည့် မြို့၊ ရွာများကိုမှန်ကန်စွာရေးသားဖြည့်သွင်းပေးရန်၊

(၄) ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများနေထိုင်သည့် မြို့နယ်များ၏ လုပ်ငန်းများကို ပိုမိုဦးစားပေးဆောင်ရွက်ပေးရန်၊

(၅) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများအပေါ်ကတိကဝတ်ပြုထားသည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊

(၆) ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များတွင် လမ်း၊ တံတားလုပ်ငန်း များ စံသတ်မှတ်ချက်များနှင့် ရွေးချယ်သည့်အပိုင်း ဆောင်ရွက်ချက်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး သိရှိနိုင်ရေးရှင်းလင်းတင်ပြသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေး ဆောင်ရွက်ပေးရန်၊

(၇) ဌာနများအနေဖြင့် ဘတ်ဂျက်များ တင်ပြတောင်းခံရာတွင် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုများ မဖြစ် စေရေး အလေးထားဆောင်ရွက်ရန်၊

(၈) အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီမှ အသေးစိတ်စိစစ်နိုင်ရန်အတွက် လွှတ်တော်အစည်းအဝေးများ မစတင်မီ အနည်းဆုံး (၁၅)ရက် ကြိုတင်ပေးပို့ ဆောင်ရွက်ရန်။

တင်ပြချက်

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ဖြည့်စွက်ခွင့်ပြုငွေများမှာ ဌာနများအတွက် မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးစွဲရန်ဖြစ်ခြင်းတို့ကြောင့် ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် အတွက် ဖြည့်စွက်ခွင့်ပြုငွေ သာမန်အသုံးစရိတ် ကျပ် ၃.၀၁၄ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၇.၃၁၉ ဘီလီယံ၊ စုစုပေါင်း ကျပ် ၂၀.၃၃၃ ဘီလီယံအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်က အောက်ပါအတိုင်း ဆွေးနွေးရှင်းလင်းခဲ့ပါသည် -

ရှမ်းပြည်နယ်လွှတ်တော်က ဆွေးနွေး အတည်ပြုပေး နိုင်ရေးအတွက် (၁၇-၂-၂၀၂၀) ရက်နေ့တွင် ရှမ်းပြည်နယ် လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) တွင်တင်သွင်းခဲ့ပြီးဖြစ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာန/ အဖွဲ့အစည်းများ၏ ယခင်နှစ် ဖြည့်စွက်ခွင့်ပြုတောင်းခံသည့် အခြေအနေကိုလည်း အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၈- ၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုအခြေအနေကို ပြန်ကြည့်မယ်ဆိုလျှင် ရငွေပိုင်းအနေနဲ့ ပြုပြင်ပြီးခန့်မှန်းခြေမှာ ၄.၄၇၈ ဘီလီယံ ရှိသော်လည်းပဲ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှာတော့ ရငွေအနေနဲ့ ကျပ် ၃.၇၄၃ ဘီလီယံသာ ရရှိခဲ့ပါတယ်။ အသုံးစရိတ်ပိုင်းအနေနဲ့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှာဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုကို ပြည်နယ်လွှတ်တော်က ၁၇ ဘီလီယံဖြင့် အတည်ပြုခဲ့ပြီး Draft Proposal အကြမ်းကို ပြည်ထောင်စုသို့တင်ပြခဲ့ရာ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ညှိနှိုင်းဆွေးနွေးပွဲတွင် ဒုတိယသမ္မတမှ ကျပ် ၉ ဘီလီယံစိစစ်လျှော့ချခဲ့သဖြင့် ကျပ် ၈.၂၆၇ ဘီလီယံသာ ရရှိခဲ့တာ ဖြစ်ပါတယ်။

ယခုနှစ်မှာတော့ ၂၀၁၉- ၂၀၂၀ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု ကျပ် ၂၀.၃၃၄ ဘီလီယံဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကို တင်ပြခဲ့ပါတယ်။ အဆိုပါ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုအား ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပါက ဒုတိယသမ္မတ၊ ဘဏ္ဍာရေးကော်မရှင်တို့ကို ဆက်လက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ တင်ပြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုက စိစစ်ဖြတ်တောက်မှုမရှိခြင်း၊ ဒါမှမဟုတ်လည်း စိစစ်ဖြတ်တောက်မှု ရှိခြင်း ဒါမှမဟုတ် ယခုတင်ပြတဲ့အတိုင်း အတည်ပြုနိုင်တဲ့ အခြေအနေလည်းရှိနိုင်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့တဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုစာရင်းများကို ( ၁၉-၂-၂၀၂၀ )ရက်မှာ ကျင်းပပြုလုပ်တဲ့ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုနှင့် ပတ်သက်ပြီး လွှတ်တော်ဆိုင်ရာကြားနာပွဲမှာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားတဲ့ ဌာန/ အဖွဲ့အစည်း (၁၉)ဖွဲ့နှင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုစာရင်းများကို ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အဲ့လိုလုပ်တဲ့အခါမှာ ဘဏ္ဍာရေး အရအသုံးဆိုင်ရာကော်မတီအနေနဲ့ တညီတညွတ်တည်း ဒါဟာ Draft Proposal ဖြစ်တဲ့အတွက် ပြည်ထောင်စုကကျလာတဲ့ Ceiling Figure ပေါ်မှာမူတည်ပြီးတော့ စိစစ်ဖြတ်တောက်ပြီး ကျွန်တော်တို့ ပြန်လည်ဆွေးနွေးကြမယ်ဆိုပြီး သဘောတူညီ ချက်ရရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ပြီးဖြစ်သည့်၊ ညှိနှိုင်းပြီးဖြစ်သည့် ဌာန/ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ထပ်မံတောင်းခံထားတဲ့ သာမန်အသုံးစရိတ် ကျပ် ၃.၀၁၄ ဘီလီယံနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၇.၃၂၀ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၀.၃၃၄ ဘီလီယံအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းပြီး အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

# ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးမောင်ညိုက ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၆.၁၂.၂၀၁၉)ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းတဲ့ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းချီးမြှင့် အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေ ပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီ အစည်းအဝေးကို (၁၇.၁.၂၀၂၀) ရက်နှင့် (၁၇.၂.၂၀၂၀)ရက်တို့တွင် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီအခန်း(၁)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် အဆိုပါဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြ ခြင်းဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ပြုစာရင်းပါ ကဏ္ဍ(၈)၊ အပိုဒ် (ဂ)နှင့်အညီ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့် အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကိုပြုစုတင်သွင်းခြင်း ဖြစ်ပါတယ်။

ထို့နောက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာအား ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကကြေညာသည်။

# ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသောအစားအသောက် ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးစိုင်းအောင်မျိုးကျော်က ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) (၁၁-၆-၂၀၁၉)ရက်၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးမှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ(မူကြမ်း) အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆ (ခ)(၃)အရ ရှမ်းပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးများကို (၁၉.၁၁.၂၀၁၉) ရက်၊ (၁၇.၁.၂၀၂၀) ရက်နှင့် (၁၇.၂.၂၀၂၀) ရက်တို့တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ဥပဒေ (မူကြမ်း)တင်သွင်းသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာန၊ ပြည်နယ်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍လည်းကောင်း၊ (၁၄.၁.၂၀၂၀) ရက်နေ့မှ (၁၅.၁.၂၀၂၀) ရက်နေ့ထိ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်များသို့လည်းကောင်း၊ (၃၁.၁.၂၀၂၀)မှ (၃.၂.၂၀၂၀)ရက်နေ့ထိ ကျောက်မဲခရိုင်နှင့် မိုးမိတ်ခရိုင်များသို့လည်းကောင်း ကွင်းဆင်း၍ ခရိုင်/ မြို့နယ် ဥပဒေအရာရှိများ၊ စီမံကိန်း ဦးစီးမှူးများ၊ ပညာရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံကြားနာခဲ့ပြီး ဆွေးနွေးရရှိသည့် ရလဒ်များအပေါ် စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေး၍ ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ (၇)၊ အပိုဒ် (ဧ)နှင့်အညီ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသောအစားအသောက်ဥပဒေ (မူကြမ်း) နှင့် ပတ်သက်၍ အခန်းပေါင်း (၁၃)ခန်း၊ ပုဒ်မပေါင်း (၃၄)ခု ပါဝင်ပြီး ပြင်ဆင် ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကိုဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးကသဘောတူညီဆုံးဖြတ်ပြီးအစီရင်ခံစာကိုပြုစုတင်သွင်းခြင်း ဖြစ်ပါတယ်။

ထို့နောက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာအား ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော်က လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး၊ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးဟာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းရဲ့ နောက်ဆုံးနှစ်ဖြစ်သော ၂၀၂၀ ပြည့်နှစ်အတွက် စတင်ကျင်းပတဲ့ အစည်းအဝေးဖြစ်ပါတယ်။ လွှတ်တော်သက်တမ်း (၄)နှစ် ပြည့်လာတာနဲ့အမျှ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူတို့၏မျှော်လင့်ချက်များကို ဖော်ဆောင်ပေးဖို့ တူညီသောရည်မှန်းချက်ဖြင့် ဒီလွှတ်တော်ကို စုစည်းရောက်ရှိလာကြတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လွှတ်တော်တွင်းနဲ့ လွှတ်တော်ပြင်ပ အတွေ့အကြုံများဟာ အတော်အသင့် ရင့်ကျက်နေပြီလို့ ကျွန်တော့်အနေနဲ့ မှတ်ယူပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၅၈) ခုကို မေးမြန်းဖြေကြားခြင်းကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်(၁)ဦး တင်သွင်းသောအဆို(၁)ခုအား အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဥပဒေကြမ်းအနေနဲ့ (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ (မူကြမ်း)နှင့် လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းရေးဆွဲပြီး (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ(မူကြမ်း)တို့ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။

လွှတ်တော်သက်တမ်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၂၀ ပြည့်နှစ်မှာဆိုရင်လည်းပဲ ဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥပဒေပြုစာရင်းထဲက မိမိတို့ ရှမ်းပြည်နယ်အတွက် သင့်လျော်သော၊ လိုအပ်သောဥပဒေများကို ဆက်လက်ရေးဆွဲဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းရေးဆွဲရာမှာ ဥပဒေရေးထုံး၊ ဥပဒေအင်္ဂါရပ်များနဲ့ ညီညွတ်ဖို့လိုအပ်သလို ဥပဒေပါအချက်အလက်များသည် အများပြည်သူအတွက် အမှန်တကယ်အသုံးပြုနိုင်တဲ့ ဥပဒေဖြစ်ဖို့လိုအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြီးသော ဥပဒေများကို လက်တွေ့ကျင့်သုံးနေမှုနှင့် နောက်ထပ်အတည်ပြုမည့်ဥပဒေများကို ကျွန်တော်တို့ ပြည်သူ့ထံမှတင်ပြချက်များရယူရန်အတွက် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနဲ့ ယခု ကျင်းပတဲ့ (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကြားကာလအတွင်း လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ ကျောက်မဲခရိုင်နဲ့ မိုးမိတ်ခရိုင်များသို့ ကွင်းဆင်း၍ ပြည်သူလူထု ကြားနာပွဲများကို ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဒီ(၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား ရှမ်းပြည်နယ် လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီက သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များနဲ့အတူ သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းစိစစ်ပြီးတော့မှ လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူနိုင်ခဲ့ ပါတယ်။

အစည်းအဝေးကာလမှာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တွေ့ဆုံပွဲကို (၁၈.၂.၂၀၂၀)ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ ၎င်းတွေ့ဆုံပွဲမှာဆိုလို့ရှိရင် ဒုတိယအကြိမ်သက်တမ်း ကာလအတွင်း ရေးရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ကွင်းဆင်းဆောင်ရွက်ရာတွင် တွေ့ရှိရသော ပြည်သူတို့၏တင်ပြချက်များအား ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် ကြုံတွေ့ရသော အခက်အခဲ၊ အားသာ ချက်၊ အားနည်းချက်များကို ကျွန်တော်တို့ညှိနှိုင်းခဲ့ပါတယ်။ ဒါ့အပြင် အစိုးရအဖွဲ့၏ ပြန်ကြားချက်နှင့်စပ်လျဉ်းသည့် ကိစ္စများကိုလည်းပဲ ပွင့်လင်းစွာဆွေးနွေးနိုင်ခဲ့ပါတယ်။

(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနဲ့ ယခု(၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကြားကာလမှာ ပညာရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ NGO/ INGO များနဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်းများဖြစ် ကြသော Metta Development Foundation ၊ WAPAN ကွန်ယက် ၊ MySop ၊ NDI နှင့် Asia Foundation တို့က လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်း စုစုပေါင်း (၁၂)ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ယခု ကျင်းပတဲ့အစည်းအဝေးကို အောက်ဖော်ပြပါ အဖွဲ့များမှ လာရောက်လေ့လာပါကြောင်း မှတ်တမ်းတင် ပြောကြားလိုပါတယ် -

| | | |
|---|---|---|
| (၁) | Golden Future Organization | (၈)ဦး |
| (၂) | NDI မှ ကိုယ်စားလှယ် | (၄)ဦး |
| (၃) | တရားလွှတ်တော်ရှေ့နေ | (၂)ဦး |
| (၄) | SNLD သီပေါမှ ဦးခိုဝါကား ဦးဆောင်သည့်အဖွဲ့ | (၆၁)ဦး |
| (၅) | ဦးစိုင်းစိုးစံဝင်း ဦးဆောင်သည့် အောင်ပန်းမြို့မှအဖွဲ့ | (၄)ဦး |
| (၆) | SNLD သီပေါမှ ဦးစိုင်းစံထွန်း ဦးဆောင်သည့် အဖွဲ့ | (၁၀)ဦး |
| (၇) | ဦးမျိုးညွန့်ဦး ဦးဆောင်သည့် နေခြည်ဘဝမြှင့်တင်ရေးအဖွဲ့ | (၁၅)ဦး |
| (၈) | နေခင်တောင်းပရဟိတ တပ်ဦးဘုန်းတော်ကြီးပညာသင်ကျောင်း | (၂၈)ဦး |
| (၉) | ဦးထွဋ်လွင်စိုး Trade Boss Co.,Ltd | (၁)ဦး |

စုစုပေါင်း(၁၃၃)ဦး ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့၏ လိုအင်များကို လွှတ်တော်နဲ့ အစိုးရတို့က ကောင်းစွာသိရှိပြီး အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမှာဖြစ်သလို ပြည်သူများရဲ့ အသံများဟာလည်းပဲ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မှန်ကန်မျှတသော အသံများဖြစ်ရန် လိုအပ်ပါတယ်။ ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာမှာ ပြည်သူများ အတွက် အကျိုးစီးပွားကင်းလွတ်ပြီး မိမိအကျိုးအတွက်နဲ့ ဆန္ဒစွဲ၊ အတ္တစွဲ၊ အာဃာတစွဲများ မထားရှိဖို့လည်း လိုအပ်ပါတယ်။ ဒီမိုကရေစီအလေ့အထများ ရှင်သန်ရေးနှင့် လွှတ်တော် ခိုင်မာအားကောင်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါစေ၊ ကျန်ရှိသော လွှတ်တော်သက်တမ်းမှာ လွှတ်တော်တာဝန်များကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြု ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) ကျင်းပ



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀)ကို (၁၈-၅-၂၀၂၀) ရက်နေ့မှ (၁၉-၅-၂၀၂၀) ရက်နေ့အထိ (၂)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဟန်သီဦးတို့က ဆောင်ရွက်ပါသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးက ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်သို့ တင်သွင်းခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၈)ဦးက ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း နှင့် လွှတ်တော်က အတည်ပြုခြင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ရေးရာကော်မတီ ၁၀ ခု သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း




ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀)သို့ စုံညီစွာ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသော သုခနှင့် ပြည့်စုံပြီး နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးကို သယ်ပိုးရင်း မိမိတို့ကိုယ်စီအတွက်လည်း ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ယခုခေါ်ယူတဲ့ အထူးအစည်းအဝေးဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်စွဲပါ စာအမှတ်(၅၇၉၅)/ ဗ-၂၂၀/ အစရ(ရှမ်း)ဖြင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ဘဏ္ဍာရေး ကော်မရှင်သို့ အချိန်မီတင်ပြနိုင်ရေးအတွက် အဆင့်ဆင့် စိစစ်မှုများ ပြုလုပ်ရမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများမှ သက်ဆိုင်ရာ လွှတ်တော်များမှာ အတည်ပြုပြီးသော တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၂၀ - ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့ရမည်ဖြစ်သည့်အတွက် လွှတ်တော်အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပပေးရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်ကို သဝဏ်လွှာပေးပို့လာပါတယ်။

သို့ရာတွင် (၂၃.၄.၂၀၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် Coronavirus Disease 2019 (COVID-19)ကာကွယ်၊ ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဒုတိယအကြိမ် ဆုံးဖြတ်ချက်အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19)ကာကွယ်၊ ထိန်းချုပ်တားဆီးရေးအတွက် (၃၀.၄.၂၀၂၀) ရက်နေ့အထိ ထုတ်ပြန်ထားတဲ့ အမိန့်၊ ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များကို (၁၅.၅.၂၀၂၀) ရက်နေ့အထိ ရက်တိုးမြှင့်ဆောင်ရွက်သွားရန် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ရုံးများ သိရှိလိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားလာပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့နှင့်ပြန်လည်ညှိနှိုင်း

သဘောတူညီချက်အရ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ အထူးအစည်းအဝေးတစ်ရပ်ကို (၁၈.၅.၂၀၂၀) ရက်နေ့မှာ ကျင်းပရန် ခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပထမဦးစွာ ဒီအထူးအစည်းအဝေးခေါ်ယူရတဲ့ အကြောင်းအရင်းကို အနည်းငယ် ရှင်းလင်းပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၈ နှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၃ မှာ ဖော်ပြထားတဲ့ အတိုင်း လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလာလျှင် လွှတ်တော် ဥက္ကဋ္ဌသည် အထူး အစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပပေးရမည်ဆိုတဲ့ ပုဒ်မနှင့်အညီ ယခုလို အထူးအစည်းအဝေး (၁/၂၀၂၀)ကို ခေါ်ယူကျင်းပရတာ ဖြစ်ပါတယ်။

ဒီအထူးအစည်းအဝေးမှာ ဆောင်ရွက်ဖို့ အဓိကအချက်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၂၀ - ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်သို့ တင်သွင်း၍ လွှတ်တော်၏ အတည်ပြုချက်ကို သတ်မှတ် ကာလအတွင်း ရယူနိုင်ဖို့ ဖြစ်ပါတယ်။

ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅ မှာ "ရှမ်းပြည်နယ်အစိုးရက သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှာ ရေးဆွဲပြုစုပြီး ပေးပို့သော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥက္ကဋ္ဌသည် လွှတ်တော်ခေါ်ယူရမည်"ဟု ဖော်ပြပါရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၆ မှာ "ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၄၅ အရ ပေးပို့သည့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်"ဟု ဖော်ပြပါရှိပါတယ်။

ရန်ပုံငွေသုံးစွဲခြင်းနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ မှာ "ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များသည် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်သော ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ညှိနှိုင်းခွင့်ရှိသည်"ဟု ဖော်ပြပါရှိပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာမှာ ပြည်ထောင်စုရန်ပုံငွေမှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ လိုငွေအတွက် ထောက်ပံ့ငွေကျပ် ၂၈၂.၀၄၆ ဘီလီယံနှင့် ရှမ်းပြည်နယ်၏ ရသင့်ရထိုက်သော အခွန် အကောက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ နှင့်အညီ အပြည့်အဝကောက်ခံရရှိငွေ ကျပ် ၅၇.၉၃၄ ဘီလီယံပေါ်မူတည်၍ ပြည်သူလူထုကို ချက်ချင်းလက်ငင်း အသုံးပြုနိုင်သည့် အသုံးစရိတ် ကျပ် ၃၃၉.၉၈၀ ဘီလီယံတို့ကို ဦးစားပေးသုံးစွဲရန် လျာထားကြောင်း တွေ့ရှိရပါတယ်။ အသုံးစရိတ်မှာ သာမန်အသုံးစရိတ် ကျပ် ၁၁၂.၆၅၇ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၂၂၇.၃၂၃ ဘီလီယံ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ဆက်သွယ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၄ မှာ "၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ ဖွဲ့စည်းတဲ့ လွှတ်တော်ကော်မတီနှင့် အဖွဲ့များသည် ရှမ်းပြည်နယ်အဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအား လည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်"ဟု ဖော်ပြပါရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော ၂၀၂၀ - ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ကြိုတင်စိစစ်နိုင်ရန် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် အခြားရေးရာကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က (၁၄.၅.၂၀၂၀)ရက်မှ (၁၆.၅.၂၀၂၀) ရက်အထိ စိစစ်ညှိနှိုင်းရေးလုပ်ငန်း များကို ဌာနဆိုင်ရာများအား ခေါ်ယူ၍ ကြားနာဆောင်ရွက်ခဲ့ပြီး အချိန်တိုအတွင်း ထိရောက်စွာ စိစစ်နိုင်ရေးအတွက် ကော်မတီ(၈) ခုကို တာဝန်ခွဲဝေပေးခဲ့ပါတယ်။

ဒါကြောင့် ယနေ့တင်သွင်းမဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာပါရှိတဲ့ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနဲ့

စပ်လျဉ်းပြီး စိစစ်ကြတဲ့ ကော်မတီများအနေနဲ့လည်း သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေး ဆိုင်ရာမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် စိစစ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အစည်းအဝေး သတ်မှတ်ကာလအတွင်း ဘဏ္ဍာရေး နှစ်သစ်အတွက် အချိန်မီဆွေးနွေး အတည်ပြုပေးဖို့ လိုအပ်သလို မှန်ကန်စွာ စိစစ်ဖို့ လည်းလိုအပ်ပါတယ်။

လွှတ်တော်ရေးရာကော်မတီများက ကြားနာပွဲကို ဆောင်ရွက်ရာမှာ ကြားနာပွဲဆိုတဲ့ အသုံးအနှုန်းထက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဆိုလျှင် ပိုမိုသင့်လျော်မှာ ဖြစ်ပါတယ်။

ဒီလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းသည် ဝင်ရောက်စွက်ဖက်သည့် ပုံစံမျိုးမဟုတ်ဘဲ Check and Balance ဆောင်ရွက်တာ ဖြစ်ပါတယ်။ Hearing ဆိုသည်မှာ ကျယ်ပြန့်ပါတယ်။ Court Hearing နှင့် Parliamentary Hearing ဆိုပြီး ရှိတဲ့နေရာမှာ ကျွန်တော်တို့ ရေးရာကော်မတီများက Parliamentary Hearing ကို ခေါ်ယူဆွေးနွေးခြင်း နည်းလမ်းဖြင့် ဆောင်ရွက်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ လွှတ်တော်ကော်မတီ ၁၀ ဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၈၈ ဦးဖြင့်ဖွဲ့စည်းထားပါတယ်။ ဒီလိုဖွဲ့စည်းတဲ့နေရာမှာ ပါတီအဖွဲ့အစည်းပေါင်းစုံ ပါဝင်အောင်ဖွဲ့စည်းခဲ့ပါတယ်။ တာဝန်ကို စုပေါင်းယူ၊ စုပေါင်းခေါင်းဆောင်၊ စုပေါင်း ဆောင်ရွက်နိုင်အောင်လည်း စီစဉ်ခဲ့ပါတယ်။

လုပ်ငန်းဆောင်ရွက်ရာမှာ တစ်ဦးချင်း ဆောင်ရွက်သည်ထက် အများစုပေါင်း ဆောင်ရွက်ပါက ပိုမိုထိရောက် အောင်မြင်ပြီး၊ ပို၍ ကျယ်ကျယ် ပြန့်ပြန့်စဉ်းစားနိုင်တဲ့အတွက် အဖြေကောင်းများ ရရှိနိုင်မှာ ဖြစ်ပါတယ်။ “ကော်မတီများရဲ့ သက်တမ်း (၁) နှစ် ပြည့်မြောက် သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန် ပေးအပ်နိုင်သည်”ဟု လွှတ်တော်ဥက္ကဋ္ဌအား အပ်နှင်းထားသလို လိုအပ်ချက်အရ ထပ်မံ၍ သက်တမ်းကိုလည်း တိုးနိုင်တယ်လို့ မှတ်ယူပါတယ်။

ဒီကနေ့အထိ ကော်မတီဝင်များအနေနဲ့ မိမိတို့ လက်ရှိယူနေရတဲ့ ကော်မတီ တာဝန်များကို တာဝန်ကျေပွန်စွာဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပြီး လွှတ်တော်ကို ကိုယ်စားပြုနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီများကို မှတ်တမ်း တင်ပါကြောင်း ပြောကြားလိုပါတယ်။

ကမ္ဘာတစ်ဝန်း၌ Coronavirus Disease 2019(COVID–19) ရောဂါလက်ရှိဖြစ်ပွား လျက်ရှိတဲ့ နေရာမှာ အစည်းအဝေးကျင်းပနေစဉ် ကာလအတွင်း Social Distancing သတ်မှတ်ချက်အရ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၃ ပေအကွာ နေထိုင်ရမည်ဖြစ်သဖြင့် အစည်းအဝေးခန်းမအတွင်းမှာ ထိုင်ခုံများခြား၍ နေရာချထားပေးခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရာတွင်လည်း တစ်ဦးလျှင် သီးခြား ၁ ခန်းစီ နေရာချထား ပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

ဒါကြောင့် လူစုလူဝေးကို အတတ်နိုင်ဆုံး လျှော့ချရန်အတွက် ယခုအစည်းအဝေးတွင် ဥပဒေကြမ်းများတင်သွင်းခြင်း၊ အဆိုတင်သွင်းခြင်းနဲ့ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်များကို ဆောင်ရွက်ခြင်းမပြုဘဲ နောင်လာမည့် လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)ကို တက်ရောက်ပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အားလုံးဟာ သမိုင်းပေးတာဝန်အရ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် အတူတကွ တာဝန်ထမ်းဆောင်ခွင့်ရတဲ့ အချိန်မှာ အပြုသဘောဆောင်တဲ့ အပြန်အလှန် နားလည်မှုကို တည်ဆောက်ပြီး မိမိတို့လွှတ်တော် ခိုင်မာ အားကောင်းအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်လုပ်ငန်းများအပါအဝင် ဒီအထူးအစည်းအဝေးမှာ ဆောင်ရွက်ရန် လျာထားသည့် အစီအစဉ်များကိုလည်း အောင်အောင်မြင်မြင်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုးညွန့်လွင်က ရှမ်းပြည်နယ်လွှတ်တော်သို့ အောက်ပါအတိုင်း တင်သွင်းခဲ့ပါသည် -

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အကြောင်းကြားချက်အရ ပြည်ထောင်စုမှ ရှမ်းပြည်နယ်သို့ ၂၀၂၀- ၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ငွေ ကျပ် ၂၈၂.၀၄၆ ဘီလီယံနဲ့ အခွန်ဝေစုခွဲဝေရငွေ ကျပ် ၁၅.၀၂၂ ဘီလီယံ အပါအဝင် စုစုပေါင်းရငွေ ကျပ် ၃၃၉.၉၈၀ ဘီလီယံ ရှိမှာဖြစ်တဲ့အတွက် စုစုပေါင်းအသုံးစရိတ်ကိုလည်း အဲဒီဘောင်အတွင်းမှာဝင်အောင် ရေးဆွဲခဲ့ ပါတယ်။

ဘောင်အတွင်းဝင်အောင် ရေးဆွဲထားတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၆-၄-၂၀၂၀) ရက်စွဲပါစာအမှတ် ၊ (၅၁၀၂)/၆- ၂၃၃/ အစရ (ရှမ်း)ဖြင့် အတည်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။

ယခုရေးဆွဲထားတဲ့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းအရ အခွန်ကောက်ရငွေ ကျပ် ၃.၉၆၁ ဘီလီယံ၊ အခွန်ဝေစုခွဲဝေရငွေ ကျပ် ၁၅.၀၂၂ ဘီလီယံ၊ အခြားသာမန်ရငွေ ကျပ် ၃၂.၉၅၁ ဘီလီယံ၊ လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၅.၀၀၀ ဘီလီယံ၊ အရေးပေါ်ရန်ပုံငွေ ရငွေ ကျပ် ၁.၀၀၀ ဘီလီယံ နဲ့

ပြည်ထောင်စုမှထောက်ပံ့ငွေ ကျပ် ၂၈၂.၀၄၆ ဘီလီယံ၊ စုစုပေါင်းရငွေ ကျပ် ၃၃၉.၉၈၀ ဘီလီယံ ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် သာမန်အသုံးစရိတ် ကျပ် ၁၁၂.၆၅၇ ဘီလီယံနဲ့ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၂၂၇.၃၂၃ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၃၃၉.၉၈၀ ဘီလီယံ သုံးစွဲရန် လျာထားပါတယ်။

ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်း (၂၇)ဖွဲ့အနက် ဌာန(၅)ခုမှ အခွန်အကောက် (၉)မျိုး ကောက်ခံပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေခွန်နှင့် တာတမံခွန်၊ ဓာတ်သတ္တုခွန်(၂)မျိုးကို ကောက်ခံပါတယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် ယစ်မျိုးခွန်၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ ဓာတ်သတ္တုပစ္စည်းခွန် (၃)မျိုးကို ကောက်ခံပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အင်းအိုင်ခွန်(၁)မျိုးကို ကောက်ခံပါတယ်။ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်(၁)မျိုးကိုသာ ကောက်ခံပါတယ်။ စည်ပင်သာယာရေး ဌာနအနေဖြင့် ပစ္စည်းခွန်၊ ဘီးခွန်(၂)မျိုးကို ကောက်ခံပါတယ်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း အခွန်အကောက်ရငွေ ကျပ် ၃.၉၆၁ ဘီလီယံ ကောက်ခံရရှိမယ်လို့ ခန့်မှန်းပါတယ်။ သာမန်အသုံးစရိတ်တွင် လစာ၊ စရိတ်၊ ချီးမြှင့်ငွေ အသုံး စရိတ်ပါဝင်မှု ၃၆.၂၈%၊ အဆောက်အဦ၊ လမ်း/ တံတားနှင့် လုပ်ငန်းသုံးယာဉ်၊ ရုံးသုံးယာဉ် သာမန်ပြင်ဆင်ထိန်းသိမ်း စရိတ်ပါဝင်မှု ၃၉.၅၀%၊ လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ပံ့ငွေအသုံး စရိတ်ပါဝင်မှု ၄.၄၅%၊ အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ် ၁၉.၇၇% ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်စာရင်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်ပါဝင်မှု ၉၇.၉၁%၊ စက်ကိရိယာ၊ ပရိဘောဂနဲ့ ယာဉ်အသုံးစရိတ်ပါဝင်မှု ၁.၈ % နဲ့ အခြားအသုံးစရိတ်များပါဝင်မှု ၀.၂၉ % စသည်ဖြင့် အသီးသီးလျာထားပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်း၍ လစာစရိတ်နှင့်အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များပါဝင်သော သာမန်အသုံးစရိတ်သုံးစွဲမှုကို အသေးစိတ် စိစစ်ခဲ့ပြီး ပြည်သူကိုတိုက်ရိုက် အကျိုးပြုမည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းတူးဖော်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ လမ်း/တံတားလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနဲ့ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ကို ဦးစား ပေး ရေးဆွဲထားပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းတွင်ဒေသဖွံ့ဖြိုးရေးကိုအထောက်အကူပြုမည့်တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျပ် ၂၂၂.၅၈၁ ဘီလီယံ ဖြင့် အများဆုံးသုံးစွဲထားပြီး စက်ကိရိယာ၊ ပရိဘောဂ၊ လုပ်ငန်းသုံးနှင့်ရုံးသုံးယာဉ် ဝယ်ယူခြင်းများအတွက် ကျပ် ၄.၀၈၇ ဘီလီယံ၊ အခြားအသုံးစရိတ်များအတွက် ကျပ် ၀.၆၅၅ ဘီလီယံ၊ စုစုပေါင်း ကျပ် ၂၂၇.၃၂၃ ဘီလီယံ သုံးစွဲရန် လျာထားပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာန/အဖွဲ့အစည်းများ၏ရငွေရရှိမှုအခြေအနေနှင့်အသုံးစရိတ်ကျခံသုံးစွဲမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြထားတဲ့ စာရွက်စာတမ်းများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခုတင်ပြထားတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများရဲ့ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ်။

# ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ (၁၀)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှာ ရေးရာကော်မတီ (၁၀) ခုကို ဖွဲ့စည်းထားရှိခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇ (ဂ)၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(ဂ)တွင် "လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင် ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်" ဟု ဖော်ပြပါရှိပါတယ်။ ထို့ကြောင့် ရေးရာကော်မတီများ၏ သက်တမ်းဟာ (၁) နှစ်ပြည့်ပြီဖြစ်တဲ့အတွက် ကော်မတီများ၏ သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူသွားမှာ ဖြစ်ပါတယ်-

| | | |
|---|---|---|
| ၁။ | ဥပဒေပြုရေးဆိုင်ရာကော်မတီ | ၁၁ဦး |
| ၂။ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ | ၁၄ဦး |
| ၃။ | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ | ၆ဦး |
| ၄။ | ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ | ၁၀ဦး |
| ၅။ | တိုင်ကြားစာများစိစစ်ရေးကော်မတီ | ၈ဦး |
| ၆။ | ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ | ၇ဦး |
| ၇။ | ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ | ၉ဦး |
| ၈။ | တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ | ၉ဦး |
| ၉။ | တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ | ၇ဦး |
| ၁၀။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ | ၇ဦး |

ယင်းကော်မတီများ၏ သက်တမ်းတိုးမြှင့်ခြင်းကို အတည်ပြုရန်အတွက် လွှတ်တော်ကသဘောတူတဲ့အတွက် ဖော်ပြပါ ကော်မတီ (၁၀)ခု၏ သက်တမ်းတိုးမြှင့်ခြင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း



နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်းက ဆွေးနွေးနေစဉ်



ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်က ဆွေးနွေးနေစဉ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီတို့က ပြန်လည်သုံးသပ်ဆွေးနွေးရန် အကြံပြုကြပြီး၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးနှင့် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်တို့မှ အသီးသီးသုံးသပ်အကြံပြုဆွေးနွေးကြပါသည်။



မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းက ဆွေးနွေးနေစဉ်



သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက ဆွေးနွေးနေစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ အတွင်းရေးမှူး၊ ဒေါ်နန်းစမ်းစမ်းအေးက ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း




ရှမ်းပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ အတွင်းရေးမှူး ဒေါ်နန်းစမ်းစမ်းအေးက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ် လျဉ်း၍ ကော်မတီ၏အစီရင်ခံစာအား လွှတ်တော်သို့ အောက်ပါအတိုင်း ဖတ်ကြားခဲ့ပါသည် -

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) (ပထမနေ့) (၁၈.၅.၂၀၂၀)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ပတ်သက်၍ ကြိုတင်စိစစ်နိုင်ရန် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၃.၅.၂၀၂၀) ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး၊ နည်းဥပဒေ ၆၄ နှင့်အညီ ဌာန/ အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ (၁၄.၅.၂၀၂၀)ရက်၊ (၁၅.၅.၂၀၂၀) ရက်နှင့် (၁၆.၅.၂၀၂၀) ရက်နေ့တို့တွင် ဌာနဆိုင်ရာ ကြားနာပွဲပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးကာ နည်းဥပဒေ ၆၆ အရ အစီရင်ခံစာ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေမှာ ဗဟိုအဖွဲ့အစည်း(၅)ခုအတွက် ကျပ် ၃၂,၃၁၂.၂၆၉ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် သာမန်ရငွေကျပ် ၄,၂၅၉.၉၈၉ သန်း၊ စည်ပင်သာယာရေးဌာနအတွက် ကျပ် ၂၁,၃၆၂.၃၀၁ သန်း၊ ပေါင်း ကျပ် ၅၇,၉၃၄.၅၅၉

သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ် ၂၈၂,၀၄၅.၇၅၇ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၃၃၉,၉၈၀.၃၁၆ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် သာမန်သုံးငွေ ဗဟိုအဖွဲ့အစည်း (၅)ခုအတွက် ကျပ် ၁၆,၉၇၈.၆၄၈ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် ကျပ် ၈၆,၀၆၀.၉၂၂ သန်း၊ ကုန်တင်ကုန်ချ ကော်မတီရုံးအတွက် ကျပ် ၁၂.၆၄၀ သန်း၊ စည်ပင်သာယာရေးဌာနအတွက် ကျပ် ၉,၆၀၅.၃၈၃ သန်း သုံးစွဲရန်၊ စုစုပေါင်း ကျပ်သန်းပေါင်း ၁၁၂,၆၅၇.၅၉၃ သန်း သုံးစွဲရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် ငွေလုံးငွေရင်းရငွေမှ စည်ပင်သာယာရေးဌာနအတွက် ကျပ် ၀.၀၂၀ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် ငွေလုံးငွေရင်း သုံးငွေမှာ ဗဟိုအဖွဲ့အစည်း(၅)ခုအတွက် ကျပ် ၅၉,၆၈၄.၃၅၃ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် ကျပ် ၁၄၆,၀၇၉.၆၀၇ သန်း၊ စည်ပင်သာယာရေးဌာနအတွက် ကျပ် ၂၁,၅၅၈.၇၈၃ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၂၂၇,၃၂၂.၇၄၃ သန်း သုံးစွဲရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေကျပ် ၅၇,၉၃၄.၅၅၉ သန်း၊ ငွေလုံးငွေရင်းရငွေကျပ် ၀.၀၂၀ သန်း၊ စုစုပေါင်းရငွေ ၅၇,၉၃၄.၅၇၉ သန်း ဖြစ်ပြီး၊ သာမန် သုံးငွေကျပ် ၁၁၂,၆၅၇.၅၉၃ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၂၂၇,၃၂၂.၇၄၃ သန်း၊ စုစုပေါင်းသုံးငွေ ကျပ် ၃၃၉,၉၈၀.၃၃၆ သန်း ဖြစ်သဖြင့် လိုငွေကျပ် ၂၈၂,၀၄၅.၇၅၇ သန်း ဖြစ်သည်ကို တွေ့ရှိရပါတယ်။

စိစစ်တွေ့ရှိချက်

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ လျာထားတောင်းခံမှုအပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါ တယ်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အဆိုပြုလျာထားသည့် One State One Township လုပ်ငန်းစီမံကိန်းတွင် မူလက (၆)မြို့နယ်သာ လျာထားခဲ့ပြီး ဆွေးနွေးချက်အရ (၁၀)မြို့နယ်တိုးမြှင့်လျာထားနိုင်သည်ကို တွေ့ရှိရခြင်း။

(ခ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အဆိုပြုလျာထားသည့် Clean and Green Cities လုပ်ငန်းစီမံကိန်းတွင် မူလက လုပ်ငန်းအမည်သာ ဖော်ပြခဲ့ပြီး ဆွေးနွေးချက်အရ ခရိုင်(၁၀)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ (၅)ခု အတွက် ပြင်ဆင်လျာထားသည်ကို တွေ့ရှိရခြင်း။

(ဂ) ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၌ကျိုင်းတုံမြို့တွင်ကုန်းမြင့်လယ်ယာဇက(၁၀၀)အားဖော်ထုတ်ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှု နည်းပါးသည်ကို တွေ့ရှိရပြီး ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ဇက(၂၀၀)အား ထပ်မံ ဖော်ထုတ်ရန် တင်ပြထားသည်ကို တွေ့ရှိရခြင်း။

(ဃ) ဘတ်ဂျက်ခွဲဝေရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ကြယ်ပွင့်ပြ/ မပြ မေးခွန်းများမှ ကတိကဝတ် ဖြစ်ပေါ်မှုကို အလေးထားထည့်သွင်းခြင်းမရှိဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တို့၏အဆိုပြုချက်များ၊ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ နိုင်ငံရေးပါတီများ၏ တောင်းဆိုချက်များ ထည့်သွင်းလျာထားသည်ကို တွေ့ရှိရခြင်း။

(င) ဘတ်ဂျက်ခွဲဝေရာတွင် အစိုးရအဖွဲ့ဝန်ကြီးဌာနအောက်ရှိ ဌာနများက ဝန်ကြီးများ၏ မဲဆန္ဒနယ်ရှိ လုပ်ငန်းများ အား ဦးစားပေးထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိရခြင်း။

(စ) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊

လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့၏ လုပ်ငန်းများအတွက် ဘတ်ဂျက်ခွဲဝေရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ အချိုးညီမျှတမှု မရှိသည်ကို စိစစ်တွေ့ရှိရခြင်း။

(ဆ) ကော်မတီကြားနာပွဲ၌ ဘတ်ဂျက်ရေးဆွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ကဏ္ဍအလိုက် လုပ်ငန်းများကို ပိုမိုအသေးစိတ် စိစစ်ဆောင်ရွက်နိုင်ရန် ရေးရာကော်မတီ(၈)ခုအား တာဝန်ခွဲဝေပေးခဲ့ပြီး ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်စေခဲ့သည့်အတွက် နောင်လာမည့် လွှတ်တော်သက်တမ်းတွင် ရေးရာကော်မတီများ ပူးပေါင်းဆောင်ရွက်နိုင်သည့် စံနမူနာကောင်းများရရှိခြင်း အပြင် ဘတ်ဂျက်ခွဲဝေမှု ပိုမို မျှတစွာ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရခြင်း။

(ဇ) ကော်မတီကြားနာပွဲ (၃)ရက်တာ ကာလအတွင်း တက်ရောက်လာသည့် သက်ဆိုင်ရာရေးရာကော်မတီများ၏ သုံးသပ်အကြံပြုချက်အရ သက်ဆိုင်ရာ မြို့နယ်တွင် မလိုအပ်သည့် လုပ်ငန်းများအစား ခွင့်ပြုငွေရပ် ပြောင်းလဲခြင်း မရှိစေဘဲ အခြားလိုအပ်သည့် လုပ်ငန်းများသို့ အစားထိုး ပြောင်းလဲခဲ့သည်ကို တွေ့ရှိရခြင်း။

စိစစ်ချက်အရ ပြင်ဆင်သည့်လုပ်ငန်းများ

စိစစ်ချက်အရ အောက်ဖော်ပြပါဌာန(၈)ခု၏ လုပ်ငန်းများအား ပြောင်းလဲပြင်ဆင် ခဲ့ပါတယ်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုပ်ငန်းပြောင်းလဲမှုမရှိစေဘဲ ငွေရပ်ပြောင်းလဲခဲ့သည့်လုပ်ငန်း(၁)ခု Clean and Green Cities မူလလျာထား ကျပ် ၇,၄၅၅.၆၃၁ သန်းမှ ကျပ် ၇,၂၀၀ သန်း ပြင်ဆင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်နှင့် ငွေရပ် နှစ်ခုစလုံးပြောင်းလဲဆောင်ရွက်ခဲ့သည့် နမ့်ဆန်မြို့နယ်၊ လုပ်ငန်းရပ် (၂)ခု၊ ကျပ် ၄၄.၂၈၀ သန်း၊ ပိုလျှံငွေနှစ်ခုပေါင်းကျပ် ၂၉၉.၉၁၁ သန်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းဆောင်ရွက် စေခဲ့ပါတယ်။

(ခ) ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လုပ်ငန်းရပ် ပြောင်းလဲမှု မရှိစေဘဲ ငွေရပ်ပြောင်းလဲ ဆောင်ရွက်ခဲ့သည့် မြို့နယ်(၁)ခု၊ နမ့်စန်မြို့နယ်၊ လုပ်ငန်းရပ်(၁)ခု မူလကျပ်သန်း ၂၅၀ မှ ကျပ်သန်း ၁၅၀ သို့ ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းရပ်နှင့် ငွေရပ်နှစ်မျိုးစလုံး ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ် (၁) ခု ၊ မိုးမိတ်မြို့နယ်၊ လုပ်ငန်းရပ် (၁)ခု၊ ငွေရပ် ပြောင်းလဲ၍ ပိုလျှံငွေ ကျပ် ၅၅၀.၀၀၀ သန်းအား မြို့နယ်(၅) မြို့နယ်ဖြစ်တဲ့ မိုင်းကိုင်မြို့နယ် လုပ်ငန်း (၁)ခု၊ နမ့်စန်မြို့နယ် လုပ်ငန်း(၁)ခု၊ နမ္မတူမြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းဆတ်မြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းခတ်မြို့နယ် လုပ်ငန်း(၁)ခု စတဲ့လုပ်ငန်း သစ် (၅)ခုအား ပြောင်းလဲ ဆောင်ရွက်စေခဲ့ပါတယ်။ ငွေရပ်ပြောင်းလဲမှုမရှိဘဲ တည်နေရာသာပြောင်းလဲ ဆောင်ရွက်ခဲ့တဲ့ မြို့နယ်(၁) မြို့နယ်၊ နောင်ချို မြို့နယ်လုပ်ငန်း(၁)ခုအား ဆောင်ရွက်စေခဲ့ပါတယ်။

(ဂ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ငွေရပ်ပြောင်းလဲမှု မရှိဘဲလုပ်ငန်း ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၃)မြို့နယ်၊ ကလောမြို့နယ် လုပ်ငန်း(၁)ခု၊ မူလလုပ်ငန်းရပ် ၂ ခုမှ ၁ ခု ပြောင်းလဲ ဆောင်ရွက်ခဲ့ပါတယ်။ ဖယ်ခုံမြို့နယ်လုပ်ငန်း(၂)ခု၊ မူလလုပ်ငန်းရပ် ၁ ခုမှ ၂ ခုပြောင်းလဲဆောင်ရွက် ခဲ့ပါတယ်။ တောင်ကြီးမြို့နယ်လုပ်ငန်း(၁)ခု၊ ငွေရပ် ပြောင်းလဲမှုမရှိဘဲ တည်နေရာပြောင်းလဲဆောင်ရွက် ခဲ့သည့် မြို့နယ်(၁)မြို့နယ်၊ ရွာငံမြို့နယ်လုပ်ငန်း(၁)ခု၊ လုပ်ငန်းရပ်နှင့် ငွေရပ်နှစ်မျိုးစလုံး ပြောင်းလဲ ဆောင်ရွက် ခဲ့သည့် တောင်ကြီးမြို့နယ်လုပ်ငန်း(၁)ခု (မူလကျပ် ၁၇၈.၀၆၂ သန်းမှ ကျပ် ၁၄၄.၃၇၅ သန်း)၊ နမ့်စန်မြို့နယ် လုပ်ငန်း(၁)ခု (မူလကျပ် ၁၅၆.၆၂၀ သန်းမှ ကျပ် ၁၅၀.၁၃၇ သန်း)သို့ ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းနှင့် ငွေရပ်ပြောင်းလဲ၍ ပိုလျှံငွေကျပ် ၄၀.၁၇၀ သန်းအား မြို့နယ်(၂) မြို့နယ်ဖြစ်တဲ့ တောင်ကြီး

မြို့နယ် လုပ်ငန်း(၁)ခု၊ နမ့်စန်မြို့နယ် လုပ်ငန်း(၁)ခု စတဲ့လုပ်ငန်းသစ်(၂)ခုအား ပြောင်းလဲ ဆောင်ရွက်စေခဲ့ပါတယ်။

(ဃ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ငွေရပ်ပြောင်းလဲမှုမရှိစေဘဲလုပ်ငန်းပြောင်းလဲ ဆောင်ရွက်ခဲ့သည့် မြို့နယ်(၁)မြို့နယ်၊ ကွမ်းလုံမြို့နယ်လုပ်ငန်း (၁)ခု၊ ကမ်းပြိုကာကွယ်ရေးအား Steel Basket ဖြင့် ပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။

(င) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လုပ်ငန်းရပ်နှင့်ငွေရပ်နှစ်မျိုးစလုံး ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၁၀)မြို့နယ်ဖြစ်သည့် ကလောမြို့နယ် လုပ်ငန်း(၃)ခု၊ နမ့်စန်မြို့နယ်လုပ်ငန်း(၃)ခု၊ လင်းခေးမြို့နယ် လုပ်ငန်း(၁)ခု၊ မိုးနဲမြို့နယ် လုပ်ငန်း(၁)ခု၊ မောက်မယ်မြို့နယ် လုပ်ငန်း(၁)ခု၊ သိန္နီမြို့နယ် လုပ်ငန်း(၃) ခု၊ ကွတ်ခိုင်မြို့နယ် လုပ်ငန်း(၃)ခု၊ မိုးမိတ်မြို့နယ်လုပ်ငန်း(၂)ခု၊ ဆီဆိုင်မြို့နယ်လုပ်ငန်း(၁)ခု၊ ကျောက်မဲမြို့နယ် လုပ်ငန်း(၁)ခု၊ ငွေရပ်ပြောင်းလဲပြီး လုပ်ငန်းရပ်ပြောင်းလဲခြင်းမရှိဆောင်ရွက်ခဲ့သည့် လုပ်ငန်း(၃) ခု၊ ဟိုပုံး မြို့နယ်လုပ်ငန်း(၁)ခု၊ မွှမ်းမံလုပ်ငန်း(ကုန်ထုတ်လမ်း/ တံတား)၊ မွှမ်းမံလုပ်ငန်း (ရေပေးရေး)စသည့် (၃)ခုကို ပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။ ငွေရပ် ပြောင်းလဲမှုမရှိစေဘဲ တည်နေရာသာ ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ် (၁)မြို့နယ်၊ ကလောမြို့နယ်လုပ်ငန်း(၁)ခု။ မူလအဆိုပြုလျာထားချက် ကျပ် ၃,၀၃၈.၈၁၀ သန်းအပေါ် လုပ်ငန်း(၂၅)ခုအား ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းသစ်(၁၂)ခုအား မြို့နယ် (၉)မြို့နယ်သို့ ပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။ ကလောမြို့နယ်လုပ်ငန်း(၃)ခု၊ ကွန်ဟိန်းမြို့နယ်လုပ်ငန်း(၁)ခု၊ သီပေါ မြို့နယ်လုပ်ငန်း(၂)ခု၊ ကျိုင်းတုံမြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းယန်းမြို့နယ်လုပ်ငန်း (၁)ခု၊ မိုင်းခတ်မြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းလားမြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းယောင်းမြို့နယ်လုပ်ငန်း(၁)ခု၊ ပင်းတယမြို့နယ်လုပ်ငန်း(၁) ခု ဖြစ်ပါတယ်။

(စ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ငွေရပ်ပြောင်းလဲမှုမရှိစေဘဲ လုပ်ငန်းသာ ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၄)မြို့နယ် ရှိပါတယ်။ ပင်းတယမြို့နယ် လုပ်ငန်း(၃)ခု (မူလလုပ်ငန်း ၂ ခုမှ ၃ ခုသို့ ပြောင်းလဲ ဆောင်ရွက်ခြင်း)၊ မိုင်းရှူးမြို့နယ်လုပ်ငန်း(၁)ခု (မူလ လုပ်ငန်း ၂ ခုမှ ၁ ခု ပြောင်းလဲဆောင်ရွက်ခြင်း)၊ တန့်ယန်းမြို့နယ်လုပ်ငန်း(၂)ခု (မူလလုပ်ငန်း ၃ ခု မှ ၂ ခုပြောင်းလဲဆောင်ရွက်ခြင်း)၊ သီပေါမြို့နယ်လုပ်ငန်း(၉) ခု (မူလလုပ်ငန်း ၃ ခုမှ ၉ခု ပြောင်းလဲဆောင်ရွက်ခြင်း)။ငွေရပ်ပြောင်းလဲမှုမရှိစေဘဲတည်နေရာသာ ပြောင်းလဲ ဆောင်ရွက်ခဲ့သည့် မြို့နယ်(၃)ခု၊ ကလောမြို့နယ် လုပ်ငန်း(၁)ခု၊ ဖယ်ခုံမြို့နယ် လုပ်ငန်း(၂)ခု၊ မိုင်းဆတ် မြို့နယ် လုပ်ငန်း(၁)ခု။ ငွေရပ် ပြောင်းလဲပြီးတော့ လုပ်ငန်းပြောင်းလဲမှု မရှိတဲ့မြို့နယ်(၃)ခု၊ ကျိုင်းတုံမြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းခတ်မြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းဆတ်မြို့နယ်လုပ်ငန်း (၁)ခု။ လုပ်ငန်းရပ်နှင့် ငွေရပ်နှစ်မျိုး စလုံးပြောင်းသည့် မြို့နယ်(၂)ခု၊ နောင်ချိုမြို့နယ် လုပ်ငန်း (၁)ခု၊ နမ္မတူမြို့နယ် လုပ်ငန်း(၂)ခု၊ ငွေရပ်ပြောင်းလဲ ဆောင်ရွက်ချက်မှ ကျပ် ၂,၉၆၉.၇၉၉ သန်း အား သက်ဆိုင်ရာမြို့နယ်အတွင်း လုပ်ငန်းများ ပြောင်းလဲ ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းသစ်များ ထပ်မံပြောင်းလဲဆောင်ရွက်ခြင်းကို မြို့နယ်(၂)မြို့နယ်ဖြစ်တဲ့ ကျောက်မဲ မြို့နယ် လုပ်ငန်း (၄)ခု၊ မိုင်းယန်း မြို့နယ်လုပ်ငန်း(၂)ခုတို့ကို ပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။

(ဆ) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လုပ်ငန်းရပ်နှင့် ငွေရပ်နှစ်မျိုးစလုံး ပြောင်းလဲ ဆောင်ရွက်သည့် မြို့နယ်(၅) မြို့နယ် ကလောမြို့နယ် လုပ်ငန်း(၃)ခု၊ ရပ်စောက်မြို့နယ် လုပ်ငန်း(၂)ခု၊ မိုးမိတ်မြို့နယ် လုပ်ငန်း (၁)ခု၊ မိုင်းဆတ် မြို့နယ်လုပ်ငန်း (၁)ခု၊ ကျောက်မဲမြို့နယ် လုပ်ငန်း(၁)ခု၊ ကျောက်မဲမြို့နယ် အတွက် ကျပ် ၅၁.၀၀၀ သန်း ဖြစ်ပါတယ်။ ငွေရပ်ပြောင်းလဲမှု မရှိစေဘဲ လုပ်ငန်းရပ်ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၁) မြို့နယ်၊ သီပေါမြို့နယ် လုပ်ငန်း(၄)ခု (မူလလုပ်ငန်း ၂ ခုမှ ၄ ခုသို့ ပြောင်းလဲဆောင်ရွက်ခြင်း)၊ ငွေရပ်ပြောင်းလဲ

ခြင်းမရှိဘဲ တည်နေရာပြောင်းလဲဆောင်ရွက်ခဲ့တဲ့ မြို့နယ်(၁)ခု မိုင်းဆတ်မြို့နယ် လုပ်ငန်း(၁)ခု၊ မူလအဆို ပြုလျာထားချက် ကျပ် ၁,၁၄၃.၆၆၈ သန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လွှဲပြောင်းငွေ ကျပ် ၂၉၉.၉၁၁ သန်း၊ စုစုပေါင်းကျပ် ၁,၄၄၃.၅၇၉ သန်းအပေါ် လုပ်ငန်းပြောင်း(၁၂)ခု၊ လုပ်ငန်းသစ် (၇)ခုအား မြို့နယ် (၇) မြို့နယ် တွင် ဆောင်ရွက်ခဲ့ပါတယ်။ ပင်းတယမြို့နယ် လုပ်ငန်း (၁)ခု၊ ရွာငံမြို့နယ်လုပ်ငန်း (၁)ခု၊ နမ့်စန်မြို့နယ်လုပ်ငန်း (၁)ခု၊ မိုင်းကိုင်မြို့နယ်လုပ်ငန်း (၁)ခု၊ မိုးနဲမြို့နယ်လုပ်ငန်း (၁)ခု၊ မန်တုံမြို့နယ် လုပ်ငန်း (၁)ခု၊ မိုင်းဆတ်မြို့နယ် လုပ်ငန်း(၁)ခု၊ နောင်ချိုမြို့နယ်လုပ်ငန်း (၁)ခု၊ နောင်ချိုမြို့နယ်အတွက် ကျပ် ၅၁.၀၀၀ သန်းဖြစ်ပါတယ်။

(ဇ) စည်ပင်သာယာရေးဌာန၊ ငွေရပ်ပြောင်းလဲမှုမရှိစေဘဲ တည်နေရာသာ ပြောင်းလဲဆောင်ရွက်သည့် မြို့နယ် (၂) မြို့နယ်၊ ပင်းတယမြို့နယ်လုပ်ငန်း (၁)ခု၊ ရွာငံမြို့နယ်လုပ်ငန်း(၁)ခု ဖြစ်ပါတယ်။

သုံးသပ်ချက်

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါတယ်-

(က) စီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေ တောင်းခံရာတွင် စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ လုပ်ငန်းပမာဏ၊ ခန့်မှန်းကုန်ကျငွေ၊ အကျိုးဖြစ်ထွန်းနိုင်မှု၊ အာမခံ သက်တမ်းတို့အား ပြည့်စုံစွာ ရှင်းလင်းဖော်ပြ၍ တောင်းခံရန် လိုအပ်ပါသည်။

(ခ) ဌာနများအနေဖြင့် ဆယ်တင်ပစ္စည်းများကို စာရင်းဇယားများ အသေးစိတ် ပြုစုထားရှိပြီး လိုအပ်သည့် မြို့နယ် များတွင် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါသည်။

(ဂ) ဘတ်ဂျက်ခွဲဝေမှုတွင် ခရိုင်အလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသအလိုက် မြို့နယ်အလိုက် လူဦးရေ၊ ဒေသအခြေအနေအရ လိုအပ်ချက်အပေါ် မူတည်၍ ဘတ်ဂျက်ကို အချိုးကျ မျှတစွာ ခွဲဝေချထားသင့်ပါသည်။

(ဃ) ကုန်းမြင့်လယ်ယာဖော်ထုတ်ရာတွင်သစ်တောပြုန်းတီးမှုမရှိစေရေး၊သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ တောင်သူများအတွက် အကျိုးပြုဧကာ၊ စိုက်ပျိုး သီးနှံအမျိုးအစားတို့အား တိကျစွာ ကွင်းဆင်းစိစစ်ပြီးမှ ဘတ်ဂျက် လျာထားမှုကို တင်ပြဆောင်ရွက်သင့်ပါသည်။

(င) ကျိုင်းတုံမြို့ ကုန်းမြင့်လယ်ယာဧက(၂၀၀)ဖော်ထုတ်မှုနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ရန် လိုအပ်ပြီး အဆိုပါ ဧက(၂၀၀)အား အခြားမြို့နယ်ရှိ လယ်မဲ့၊ ယာမဲ့များအတွက် ပြန်လည်လျာထား အဆိုပြုသင့်ကြောင်း တင်ပြ အပ်ပါသည်။

(စ) မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းများပါဝင်ပြီး ခရိုင်အဆင့် စီမံကိန်းရေးဆွဲရာတွင် ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာဝန်ကြီးများမှ ကြီးကြပ် ဆောင်ရွက်သင့်ပါသည်။

(ဆ) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများနှင့် ကြားနာပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများကိုယ်တိုင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အတွက် လွှတ်တော်နှင့် အစိုးရအဖွဲ့၏ အပြန်အလှန် ထိန်းကျောင်းမှုကဏ္ဍကို ပိုမိုပီပြင်စေခဲ့ပါသည်။

အကြံပြုချက်

ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြ အပ်ပါသည်-

(က) အားကစားသိပ္ပံကျောင်းတွင် ကျောင်းသားများ ရွေးချယ်ရာ၌ မြို့နယ်တိုင်း တန်းတူ အခွင့်အရေးပေး၍

ရွေးချယ်ရန်။

( ခ) မြို့နယ်အလိုက် မိုးလုံလေလုံ အားကစားခန်းမ ဆောက်လုပ်ရာ၌ အမှန်တကယ် လိုအပ်သည့် မြို့နယ်များကို ဦးစားပေး၍ ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် လျာထားဆောင်ရွက်ရန်။

( ဂ) ဘောလုံးကွင်းများ ဖောက်လုပ်ရာတွင် အခြေခံပညာအထက်တန်းကျောင်းများကို ဦးစားပေးဆောင်ရွက်ပြီး ကျောင်းသူ၊ ကျောင်းသားများနှင့် ရပ်ကွက်/ ကျေးရွာရှိ လူငယ်လူရွယ်များအတွက် အကျိုးရှိစေမည့် ပြိုင်ပွဲများ ကျင်းပပေးရန်။

(ဃ) လျှပ်စစ်လုပ်ငန်းတွင် NEP Phase – 2 တွင် ပါဝင်သည့်လုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ (၄၀၀)ဗို့ ဓာတ်အား လိုင်း ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ပါက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရေးအတွက် လွှတ်တော် အစည်းအဝေးများတွင် ရှင်းလင်းတင်ပြခြင်း ဆောင်ရွက်သွားရန်။

( င) ရှမ်းပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုးချဲ့မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် လမ်းနယ်နိမိတ်အတွင်း စိုက်ထူရမည် ဆိုပါက ဘတ်ဂျက်လေလွင့်မှု မရှိစေရေး သက်ဆိုင်သည့် လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ ကျေးလက်လမ်းဦးစီးဌာနတို့နှင့် လမ်းနယ်နိမိတ် လွတ်ကင်းခြင်း ရှိ/ မရှိ ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်။

( စ) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အိမ်ရာများဆောက်လုပ်ရန် အတွက် စီမံကိန်းရေးဆွဲအကောင် အထည်ဖော်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အစိုးရစီမံခန့်ခွဲပိုင်ခွင့် ရှိသည့် မြေနေရာ၊ သစ်တောနယ်မြေ ကင်းလွတ်သောနေရာ၊ မြို့နှင့် မဝေးလွန်းသော မြေနေရာ၊ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး လုံခြုံမှုရှိသည့် နေရာများကို စိစစ်ရွေးချယ်ရန်။

(ဆ) အိမ်ရာများဆောက်လုပ်ရာတွင် ဒေသဖွံ့ဖြိုးမှုနည်းပါးပြီး ဝန်ထမ်းအင်အားများသော၊ နေထိုင်ရေး ခက်ခဲသော မြို့နယ်များအား ဦးစားပေး စီမံဆောင်ရွက် ပေးသွားရန်။

( ဇ) မြို့သန့်ရှင်းသာယာလှပစေရန် မြို့နယ်တိုင်း အမှိုက်သိမ်းဆည်းရေးစီမံချက် ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

( ဈ) ဘတ်ဂျက်ခွဲဝေရာတွင် မြို့နယ်စီမံကိန်း လျာထားချက်တွင်ပါဝင်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်း များမှ ကတိကဝတ်ဖြစ်သည့် လုပ်ငန်းများကို အလေးထား၍ ဦးစားပေးဆောင်ရွက်ရန်။

(ည) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီးအဖွဲ့များမှ စီမံကိန်းရေးဆွဲရာတွင် သက်ဆိုင်ရာမြို့နယ် မဲဆန္ဒနယ်ရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း၍ ပူးပေါင်းရေးဆွဲရန်။

တင်ပြချက်

ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား စိစစ်ပြီးဖြစ်ပါသဖြင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် သာမန်ရငွေ ကျပ် ၅၇,၉၃၄.၅၅၉ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၂၀ သန်း၊ စုစုပေါင်းရငွေကျပ် ၅၇,၉၃၄.၅၇၉ သန်းနှင့် သာမန်သုံးငွေ ကျပ် ၁၁၂,၆၅၇.၅၉၃ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၂၂၇,၃၂၂.၇၄၃ သန်း၊ စုစုပေါင်းသုံးငွေ ကျပ် ၃၃၉,၉၈၀.၃၃၆ သန်းကို ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ ပြင်ဆင်ချက်များအတိုင်း ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀ - ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးစိုးညွန့်လွင်က ရှမ်းပြည်နယ်လွှတ်တော်သို့ အောက်ပါအတိုင်း ဆွေးနွေးရှင်းလင်းခဲ့ပါသည် -

(၁၈-၅-၂၀၂၀) ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ လွှတ်တော်အစည်းအဝေး (ပထမနေ့)မှာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရုံး အနေဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ထားတဲ့ လုပ်ငန်းများဟာလည်း ရှမ်းပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးကို ရည်ရွယ်ပြီးတော့ လျာထားတာ Budget Proposal အဆင့်ပဲ ရှိပါသေးတယ်။ အဆိုပါ Budget Proposal ကို ရှမ်းပြည်နယ်လွှတ်တော်မှာ အတည်ပြုလိုက်ပြီးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုကို ဆက်လက်တင်ပြသွားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၂၀) (ပထမနေ့)မှာ တင်ပြထားတဲ့ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်း သာမန်အသုံးစရိတ် ကျပ် ၁၁၂.၆၅၇ ဘီလီယံနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၂၂၇.၃၂၃ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၃၃၉.၉၈၀ ဘီလီယံအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်က အထူးအစည်းအဝေး(၁/၂၀၂၀)တွင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)ကို မေလ (၁၈)ရက်နေ့မှ မေလ (၁၉) ရက်နေ့အထိ (၂)ရက် ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ အစည်းအဝေးများပြု လုပ်ကျင်းပနိုင်မှုကို ပြန်ကြည့်ရင် ယနေ့အထိ ပုံမှန်အစည်းအဝေး (၁၈)ကြိမ်၊ အရေးပေါ်အစည်းအဝေး (၃)ကြိမ်နဲ့ ယခု အစည်းအဝေးအပါအဝင် အထူးအစည်းအဝေး (၂)ကြိမ်၊ စုစုပေါင်း(၂၃)ကြိမ် ကျင်းပနိုင်ခဲ့တာ ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၂၀)မှာရှမ်းပြည်နယ်အစိုးရအဖွဲ့ကတင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်သို့ တင်သွင်းခြင်း၊ အကြံပြုဆွေးနွေးခြင်းနှင့် အတည်ပြု ချက်များရယူခြင်းတို့ကို ဆောင်ရွက်တဲ့အခါမှာ ဒီမိုကရေစီ ကျင့်စဉ်များကို အခြေခံပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီကျင့်စဉ်များကတော့ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ခံမှု ရှိခြင်း၊ အဆင့်ဆင့်စစ်ဆေးမှုရှိခြင်းနှင့် ပြည်သူလူထုပါဝင်မှုရှိခြင်းတို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေကျပ် သန်းပေါင်း ၅၇,၉၃၄.၅၅၉ သန်း၊ ငွေလုံးငွေရင်း ရငွေကျပ် သန်းပေါင်း ၀.၀၂၀ သန်း၊ စုစုပေါင်းရငွေကျပ် သန်းပေါင်း ၅၇,၉၃၄.၅၇၉ သန်းဖြစ်ပြီး သာမန်သုံးငွေကျပ် သန်းပေါင်း ၁၁၂,၆၅၇.၅၉၃ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် သန်းပေါင်း ၂၂၇,၃၂၂.၇၄၃ သန်း၊ စုစုပေါင်းသုံးငွေကျပ် သန်းပေါင်း ၃၃၉,၉၈၀.၃၃၆ သန်း ဖြစ်သဖြင့် လိုငွေကျပ် သန်းပေါင်း ၂၈၂,၀၄၅.၇၅၇ သန်း ဖြစ်တာကို တွေ့ရှိရပါတယ်။

ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲအကောင်အထည်ဖော်ပုံ အဆင့်ဆင့်မှာ ပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းလာသော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်နယ်လွှတ်တော်တွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး လွှတ်တော်မှာ အတည်ပြုပြီး ပြည်နယ်အစိုးရအဖွဲ့သို့ ပြန်လည်အကြောင်းကြားပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်များ အပါအဝင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှာအတည်ပြုပြီးပါကသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင်တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်း ပေးရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်း ပြဋ္ဌာန်းပြီးပါက ဥပဒေပါ ပြဋ္ဌာန်းချက်များအရ BE စာရင်းကို ခန့်မှန်း မေလ(၁၅) ရက်နှင့် SG (Supplementary Grant) စာရင်းကို ခန့်မှန်း မတ်လမတိုင်မီတွင် ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ ပေးပို့ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို စက်တင်ဘာလအတွင်းနှင့် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဇွန်လတွင် ပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။

ယခုကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)မှာ လွှတ်တော်မှဖွဲ့စည်းထားတဲ့ ရေးရာကော်မတီ (၁၀)ခု၏ သက်တမ်းနှင့် စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်ပါ လုပ်ပိုင်ခွင့်နှင့်အညီ သက်တမ်းထပ်မံတိုးခြင်း အတည်ပြု ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး လွှတ်တော် ကိုယ်စားလှယ်များနဲ့ ရုံးဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ခြင်း၊ အပြန်အလှန် ပူးပေါင်းဆွေးနွေးခြင်း၊ ရလဒ်ကောင်းများ ဖော်ထုတ်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေး (၁/၂၀၂၀) ကြားကာလ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်၏ အရင်းအမြစ်ဖြစ်သော ရုံးဝန်ထမ်းများအတွက် NGO/ INGO ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် ပူးပေါင်းပြီး တွေ့ဆုံမှုများ၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲ များကို ဖော်ပြပါ အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။

The Asia Foundation၊ NDI၊ မြန်မာလွှတ်တော်နှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့၊ WFD၊ ငြိမ်းဖောင်ဒေးရှင်း၊ Gender Equality Network အဖွဲ့အစည်းတို့ဖြင့် တွေ့ဆုံ ဆွေးနွေးပွဲများ (၆)ကြိမ် ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယနေ့ ဆွေးနွေးခဲ့တဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာပါရှိတဲ့ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနဲ့စပ်လျဉ်းပြီး စိစစ်ကြတဲ့ ကော်မတီများအနေနဲ့လည်း သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးဆိုင်ရာမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အစည်းအဝေး သတ်မှတ်ကာလအတွင်းမှာ ဘဏ္ဍာရေးနှစ်သစ်အတွက် အချိန်မီဆွေးနွေး အတည်ပြုပေးဖို့ လိုအပ်သလို မှုတမှန်ကန်စွာ စိစစ်ဖို့လည်းဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ သမိုင်းပေးတာဝန်အရ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် အတူတကွ တာဝန်ထမ်းဆောင်ခွင့်ရတဲ့အချိန်မှာ အပြုသဘောဆောင်တဲ့ အပြန်အလှန် နားလည်မှုကို တည်ဆောက်ပြီး မိမိတို့ရဲ့လွှတ်တော် ခိုင်မာအားကောင်းအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လွှတ်တော်လုပ်ငန်း များအပါအဝင် ဒီအထူးအစည်းအဝေးမှာ ဆောင်ရွက်ရန် လျာထားတဲ့ အစီအစဉ်များကို အောင်အောင်မြင်မြင်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ပြောကြားလိုပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းဆိုင်ရာ ဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးနေပြီဖြစ်တဲ့အတွက် နောင်စီမံကိန်းဘတ်ဂျက် လျာထားမှု ကိစ္စရပ်များ ပိုမိုစနစ်တကျဆောင်ရွက်လာနိုင်တော့မှာ ဖြစ်ပါတယ်။ ယခု ရသုံး ခန့်မှန်းခြေငွေစာရင်းများကို စိစစ်ရာမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံး အပြုသဘော ဆောင်တဲ့ ဆွေးနွေးချက်များ အပါအဝင်ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ လွှတ်တော် ကိုယ်စားလှယ်များက ဒေသရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် စီမံကိန်းများ လျာထား ရေးဆွဲသလို သက်ဆိုင်ရာ ဌာနများကလည်း ကဏ္ဍအလိုက် လိုအပ်ချက်များကို နှစ်တို၊ နှစ်ရှည် စီမံကိန်းများပြည့်မီအောင် မူဝါဒတွေချမှတ်ထားပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက် ပေးထားတာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမဲ့ One State Ten Township စီမံကိန်းနှင့် Clean and Green Cities စီမံကိန်းများကို လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်နယ်ဒေသဖွံ့ဖြိုးမှုအတွက် လွှမ်းခြုံပြီး မှုတမှန်ကန်တဲ့မြို့နယ် ၂၅ မြို့နယ် သတ်မှတ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အစိုးရနဲ့ လွှတ်တော်ရဲ့ Check and Balance ဆိုတဲ့ကဏ္ဍကို မြှင့်တင်ရာလည်းရောက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကော်မတီ အစီရင်ခံစာကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်ပေးပို့ သွားမှာဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်(၈)ဦးရဲ့ ဆွေးနွေးချက်ကို ဆက်လက်ပေးပို့သွားမှာ ဖြစ်ပါတယ်။ အစိုးရအဖွဲ့မှလည်း လွှတ်တော်မှ ပေးပို့လာသော ဆွေးနွေးချက်များကို ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၄၆ အရ လွှတ်တော်၏ ဆောင်ရွက်ချက်များ အပေါ်မှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဘဏ္ဍာရေးကော်မရှင်သို့လည်း ဆက်လက် တင်ပြပေးဖို့လည်း တိုက်တွန်းလိုပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ လွှတ်တော်မှာ အတည်ပြုပေးလိုက်တဲ့ လျာထားစာရင်းတွေ အောင်မြင်အောင်ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခရီးစဉ်ကို ကြိုးပမ်းဖော်ဆောင်တဲ့နေရာမှာ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိဒေသရှိ ပြည်သူလူထုများအပေါ် မှန်ကန်သည့် စိတ်ရင်းစေတနာနှင့် အမြော်အမြင်ရှိရှိ၊ နည်းလမ်းမှန်မှန်နဲ့ မိမိတို့၏ ကိုယ်စီတာဝန် ကျေပွန်မှုများကို ထုတ်ဖော်ပြသနိုင်အောင် ကြိုးစားကြပြီး အစည်းအဝေး ကျင်းပမှု တစ်ကြိမ်ထက်တစ်ကြိမ် ပိုပြီးအတွေ့အကြုံ ရင့်ကျက်လာသည်နှင့်အမျှ ဒီမိုကရေစီစနစ် ပိုမိုအောင်မြင် ရှင်သန်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့နှင့် သက်ဆိုင်သော ဒေသများသို့ အဆင်ပြေပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး၊ ပြည်သူများနှင့် လွှတ်တော်အတွက် လိုအပ်ချက်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေ။ နောင်ကျင်းပမဲ့ ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့လို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တွေ့ဆုံပွဲကျင်းပပြုလုပ်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၁၈.၂.၂၀၂၀)ရက်နေ့၊ မွန်းလွဲ(၀၂:၀၀)နာရီတွင် ရေးရာကော်မတီအခန်း(၁)၌ ရှမ်းပြည်နယ်လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ရေးရာကော်မတီ(၁၀)ခု၏ ကော်မတီ ဥက္ကဋ္ဌများ/ အတွင်းရေးမှူးများနှင့် တွေ့ဆုံပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရေးရာကော်မတီဥက္ကဋ္ဌများမှ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ လိုအပ်ချက်များတင်ပြမှုအပေါ် လမ်းညွှန်မှာကြားခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး H.E Mr.Francois Lafreniere နှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



(၁၉.၂.၂၀၂၀)ရက်နေ့၊ မွန်းလွဲ(၀၄:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးမှ သံအမတ် H.E Mr.Francois Lafreniere ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရှမ်းပြည်နယ်လွှတ်တော် ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ရှမ်းပြည်နယ်လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးဥပဒေအပေါ် ပြည်သူလူထုကြားနာပွဲကျင်းပမှု အခြေအနေနှင့် ၂၀၂၀ခုနှစ်၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။





# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၄)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၄)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို (၂၀.၂.၂၀၂၀)ရက်နေ့၊ ညနေ(၀၆:၀၀)နာရီတွင် တောင်ကြီးဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအရာရှိများ၊ ဧည့်သည်တော်များနှင့် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ အမှာစကားပြောကြားခဲ့ပြီး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူး Mr.Ola Almgren နှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူး Mr.Ola Almgren ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား (၁၇.၃.၂၀၂၀)ရက်နေ့ မွန်းလွဲ (၀၂:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပါသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ရှမ်းပြည်နယ်လွှတ်တော်အနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။





# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဘာသာကြီး(၄)ခုတွင် ဝတ်ပြုဆုတောင်း


စိုင်းသန်းကျော်(မြန်ဆက်)


စိုင်းသန်းကျော်(မြန်ဆက်)

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၂၂.၃.၂၀၂၀)ရက်နေ့၊ ညနေ(၀၆:၀၀)နာရီတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အတူ တောင်ကြီးမြို့ပေါ်ရှိ ဟိန္ဒူဘုရားကျောင်း၊ ဂျာမေ့ဗလီ၊ ဆစ်ခ်ဘုရားရှိခိုးကျောင်း၊ စိန့်ဂျိုးဇက်ဘုရားရှိခိုးကျောင်းများသို့ သွားရောက်၍ ဘာသာကြီး(၄)ခုမှ ခေါင်းဆောင်များနှင့် အတူ ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုသားအားလုံး၊ ကမ္ဘာသူကမ္ဘာသား အားလုံး ကပ်ကြီး(၃)ပါးကျော်လွှားပြီး၊ ရောဂါဘယများကင်းဝေးစေရန်အလို့ငှာ ဝတ်ပြုဆုတောင်းခဲ့ကြပါသည်။


စိုင်းသန်းကျော်(မြန်ဆက်)


စိုင်းသန်းကျော်(မြန်ဆက်)

People's Voice . . . Hluttaw's Voice

People's Will . . . Hluttaw's Will

People's Expectation . . . Hluttaw's Implementation

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) COVID–19 ရောဂါကာကွယ်ရေးအတွက် ကွင်းဆင်းလှူပ်ရှားဆောင်ရွက်မှု




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၂၀.၄.၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) COVID–19 ရောဂါဖြစ်ပွားနေချိန်အတွင်း ရောဂါကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။







" လွှတ်တော်များခိုင်မာပြီး အရည်အသွေးမြင့်လေ ဒီမိုကရေစီ ဖော်ဆောင်မှုအားကောင်းလေ "

*"Better Parliaments Stronger Democracies"*

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က သာသနာရေးဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများ၊ တောင်ရိုးတိုင်းရင်းသားများနှင့် အင်းတိုင်းရင်းသားများအား စားနပ်ရိက္ခာထောက်ပံ့လှူဒါန်းပေးမှု အခမ်းအနားတက်ရောက်







ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၂၄.၅.၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက – KBZ Bank/ KBZ Group)၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အတူ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပန်းတင်ကျေးရွာ၊ လက်မောင်းကွေးကျေးရွာနှင့် ဟဲယာရွာမရှိ သာသနာရေးဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများ၊ တောင်ရိုးတိုင်းရင်းသားများနှင့် အင်းတိုင်းရင်းသားများအား COVID–19 ရောဂါ ဖြစ်ပွားနေချိန်အတွင်း ပြည်သူများစားဝတ်နေရေး အခက်အခဲ မရှိစေရန် ဆန်၊ ဆီ၊ ကုလားပဲနှင့် စိုက်ပျိုးရန် သရက်၊ ထောပတ်၊ ဝက်သစ်ချပျိုးပင်များနှင့်အတူ အိမ်ထောင်စုများအတွက် ငွေသားကျပ်(၁)သောင်းစီ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ပါသည်။







" လွှတ်တော်များခိုင်မာပြီး အရည်အသွေးမြင့်လေ
ဒီမိုကရေစီ ဖော်ဆောင်မှုအားကောင်းလေ "

*"Better Parliaments
Stronger Democracies"*

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က အေးသာယာမြို့ရှိပြည်သူများအား ဆန်၊ ဆီ၊ ကုလားပဲ၊ စားနပ်ရိက္ခာထောက်ပံ့ပေးမှု အခမ်းအနားတက်ရောက်


မောင်မောင်သန်း(မြန်ဆက်)



မောင်မောင်သန်း(မြန်ဆက်)

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၂၇.၅.၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက – KBZ Bank/ KBZ Group)၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့တွင် COVID–19 ရောဂါ ဖြစ်ပွားနေချိန်အတွင်း ပြည်သူများစားဝတ်နေရေး အခက်အခဲ မရှိစေရန် ဆန်၊ ဆီ၊ ကုလားပဲနှင့်အတူ အိမ်ထောင်စုများအတွက် ငွေသားကျပ်(၁)သောင်းစီ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။


မောင်မောင်သန်း(မြန်ဆက်)


မောင်မောင်သန်း(မြန်ဆက်)

## ရှမ်းပြည်နယ်လွှတ်တော်၏ ဦးတည်ချက် (Objectives)

( ၁ ) ဥပဒေပြုခြင်း၊

( ၂ ) ကိုယ်စားပြုခြင်း၊

( ၃ ) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊

( ၄ ) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ခြင်း

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ သာသနာရေးဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများနှင့် ခနုတိုင်းရင်းသားလူမျိုးများအား စားနပ်ရိက္ခာများနှင့် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးမှု အခမ်းအနားတက်ရောက်







ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၃.၆.၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးအဖွဲ့ ကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက – KBZ Bank/ KBZ Group)၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ သာသနာရေးဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများနှင့်၊ ရွာင်မြို့၊ ဗထူးခန်းမ၌ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ရိက္ခာများ၊ အိမ်ထောင်စုများအတွက် ငွေသားကျပ် (၁)သောင်းစီနှင့် COVID – 19 ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ပါသည်။







" လွှတ်တော်များခိုင်မာပြီး အရည်အသွေးမြင့်လေ
ဒီမိုကရေစီ ဖော်ဆောင်မှုအားကောင်းလေ "

*" Better Parliaments
Stronger Democracies"*

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) သာသနာရေးဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများနှင့် ရှမ်း၊ လားဟူ၊ လားဟူရှီ၊ ဝ၊ အာခါ၊ လွယ်၊ အဲန် တိုင်းရင်းသားများအားစားနပ်ရိက္ခာများထောက်ပံ့လှူဒါန်းပေးမှု အခမ်းအနားတက်ရောက်





ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၁၁.၆.၂၀၂၀)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးအဖွဲ့ ကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက – KBZ Bank/ KBZ Group)၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ သာသနာရေးဆိုင်ရာဘုန်းတော်ကြီးကျောင်းများနှင့် ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ရိက္ခာများနှင့် အိမ်ထောင်စုများအတွက် ငွေသားကျပ် (၁)သောင်းစီ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ပါသည်။






# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က National Democratic Institute(NDI) မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ




(၁၆.၂.၂၀၂၀)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များနှင့်အတူ National Democratic Institute (NDI)မှ တာဝန်ရှိသူများအား ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီ အစည်းအဝေးခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့ပါသည်။





" ဒီမိုကရေစီထွန်းကားရေး ပြည်သူ့အသံ မြင့်တင်ပေး "

" Strengthen Voice for Democracy "

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၂၀) ကျင်းပပြုလုပ်



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၇.၂.၂၀၂၀)ရက်နေ့၊ မွန်းလွဲ(၀၁:၃၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေ ပြုရေးဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချသော အစားအသောက်ဥပဒေ(မူကြမ်း)တို့အား ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုနိုင်ရန် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ခဲ့ကြပါသည်။

---

ပြည်သူ့အသံ . . . လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ . . . လွှတ်တော်ဆန္ဒ

ပြည်သူတို့ မျှော်လင့်ချက် . . . လွှတ်တော်ကဖော်ဆောင်ရွက်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၀)



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၂၀)ကို (၁၉.၂.၂၀၂၀)ရက်နေ့ မွန်းလွဲ(၀၁:၃၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ကျားခေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၆)ဦး၊ အခြားကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ(၁၃)ဦး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူ(၂၆)ဦး တက်ရောက်ခဲ့ပြီး၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့)(၁၇.၂.၂၀၂၀)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။



# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က COVID – 19 ရောဂါပိုး အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ အသိပေးဆွေးနွေးပွဲ တက်ရောက်



(၂၀.၂.၂၀၂၀)ရက်နေ့ နေ့လယ် (၁၂:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အတူ ရှမ်းပြည်နယ်လွှတ်တော် သံလွင်ခန်းမ၌ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သော COVID – 19 ရောဂါပိုး အဆုတ်ရောင်ရောဂါအကြောင်း သိကောင်းစရာများနှင့် ကာကွယ်ရန် နည်းလမ်းများအား ဆွေးနွေးဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။






# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က လူထုဗဟိုပြု စီမံကိန်း အခမ်းအနားတက်ရောက်




ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၂၂.၂.၂၀၂၀)ရက်နေ့၊ နံနက်(၀၉:၃၀)နာရီတွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် လူထုဗဟိုပြုစီမံကိန်း၊ ရှမ်းပြည်နယ်စီမံကိန်း မြို့နယ်ရွေးချယ်ရေးအကြံဉာဏ်ရယူခြင်း အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အတူ တက်ရောက်ခဲ့ပါသည်။

## ရှမ်းပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ရန် တာဝန်( Mission )

ပြည်သူလူထု၏ လတ်တလောနှင့် ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲပြဋ္ဌာန်းပြီးသော ဥပဒေများသည် ပြည်နယ်သူ/ပြည်နယ်သားများအတွက် အမှန်တကယ်အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းရှိ/မရှိ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား ထိန်းညှိခြင်းနှင့် ပြည်သူ၏ဆန္ဒလိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ပေါ်ရေးအတွက် ပြည်သူများနှင့် အပြန်အလှန်ပို့မှုထိတွေ့ရင်းနှီးမှုများ ရရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဝင်များက Asia Foundation မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် Asia Foundationမှ တာဝန်ရှိသူများအား (၂၂.၂.၂၀၂၀) ရက်နေ့ နံနက်(၁၀:၃၀)နာရီတွင် ရှမ်းပြည်နယ် လွှတ်တော် ရေးရာကော်မတီ အခန်း(၁)၌ လက်ခံတွေ့ဆုံပါသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် Asia Foundation မှ အကြံပေး ဦးဇော်မင်းထွဋ်နှင့် လက်ထောက်အစီအစဉ် ညွှန်ကြားရေးအရာရှိ ဒေါ်စုမြတ်ထွန်း တို့က ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ စိစစ်ရေး ကော်မတီ၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

ထို့နောက် မွန်းလွဲ (၁၃:၃၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဘတ်ဂျက်စိစစ်ရေးလုပ်ငန်းစဉ်များ၊ စီမံကိန်း ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်မှုအခြေအနေများ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု အခြေအနေများ နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။





# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးငွေများပေးအပ်ပွဲ အခမ်းအနားတက်ရောက်




ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၂၄.၂.၂၀၂၀)ရက်နေ့၊ နံနက်(၀၉:၃၀)နာရီတွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျင်းပသည့် ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးငွေများပေးအပ်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပါသည်။



# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က (၁၁)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ အခမ်းအနားတက်ရောက်






ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၂၅.၂.၂၀၂၀)ရက်နေ့၊ နံနက်(၁၀:၃၀)နာရီတွင် ညောင်ရွှေမြို့နယ် ကျားတွန်ရွာ၌ ကျင်းပပြုလုပ်သော (၁၁)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အတူ တက်ရောက်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အမှတ်တရစုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးကာ တောင်ရိုးတိုင်းရင်းသားရိုးရာပြခန်းများသို့ လှည့်လည်ကြည့်ရှုခဲ့ပါသည်။



## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က မူဝါဒဖော်ထုတ်ခြင်း လုပ်ငန်းဆိုင်ရာ အတွေ့အကြုံနှီးနှောဖလှယ်ပွဲ အခမ်းအနားတက်ရောက်




ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၄.၃.၂၀၂၀)ရက်နေ့နှင့် (၅.၄.၂၀၂၀)ရက်နေ့ နံနက်(၀၉:၀၀)နာရီတွင် ရန်ကုန်မြို့ Summit Partview Hotel ၌ ငြိမ်းဖောင်ဒေးရှင်းမှ ကျင်းပပြုလုပ်သော မူဝါဒဖော်ထုတ်ခြင်း လုပ်ငန်းဆိုင်ရာ အတွေ့အကြုံနှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

---

## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က စတုတ္ထအကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၈.၃.၂၀၂၀)ရက်နေ့ ညနေ(၀၆:၀၀)နာရီတွင် တောင်ကြီးမြို့၊ ပအိုဝ်းအမျိုးသားကွင်း၌ ကျင်းပပြုလုပ်သည့် (၇၁)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးလှထွန်းနှင့် အတူ တက်ရောက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က စတုတ္ထအကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၈.၃.၂၀၂၀)ရက်နေ့ နံနက်(၀၉:၀၀)နာရီတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရွာငံမြို့နယ်ကျောက်ပုံကျေးရွာ၌ကျင်းပပြုလုပ်သည့်စတုတ္ထအကြိမ်မြောက်ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး ဥက္ကဋ္ဌ၊ ဒေသဦးစီးအဖွဲ့ဝင်များနှင့် အတူတက်ရောက်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမှာစကားပြောကြားကာ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီသို့ အလှူငွေပေးအပ်လှူဒါန်းခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ (မူကြမ်း)နှင့် ပတ်သက်၍ ပြည်သူလူထုကြားနာပွဲ ကျင်းပ




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၁၂.၃.၂၀၂၀)ရက်နေ့ နံနက်(၀၉:၃၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်ကြီးခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ လေ့လာသူများနှင့်အတူ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ (မူကြမ်း)နှင့် ပတ်သက်၍ ပြည်သူလူထုကြားနာပွဲ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများမှ မြေယာခွန်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးခဲ့ပြီး အခက်အခဲများအား တင်ပြခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြပါသည်။

၎င်းနောက် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေစာအုပ်များကို ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးညီညီ(ခ) ဦးညီလေးချမ်းက တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုလွင်သို့ ပေးအပ်ခဲ့ပါသည်။






# ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ ကြားနာပွဲအကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ




ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ ကြားနာပွဲအကြိုလုပ်ငန်းညှိနှိုင်း အစည်းအဝေးအား (၁၃.၅.၂၀၂၀)ရက်နေ့၊ ညနေ(၀၃:၃၀) နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ကျားခေါင်းခန်းမ၌ ကျင်းပခဲ့ပါသည်။

ပထမဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လွှတ်တော်သို့ သဝဏ်လွှာပေးပို့လာသည့်အတွက် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သိန်းတစ်ထောင်နှင့် အထက်ရှိသည့် ဌာန/အဖွဲ့အစည်း(၉)ခု၊ ပြည်နယ်အစိုးရအဖွဲ့ လက်အောက်ရှိ ဌာန / အဖွဲ့အစည်း(၆)ခုကို ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ ကြားနာပွဲကျင်းပရန် အကြိုညှိနှိုင်း အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက်ရငွေခန့်မှန်းခြေစာရင်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဌာန/အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းတို့ကို အချုပ်အားဖြင့် ရှင်းလင်းပြီး ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ ဌာနများအားခွဲဝေစိစစ်ရန် ကော်မတီအလိုက် တာဝန်ပေးအပ်ခဲ့ပါသည်။

၎င်းနောက် တက်ရောက်လာသည့် ကော်မတီများကအသီးသီးဆွေးနွေးကြပြီး ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ ညနေ(၀၄:၀၀)နာရီတွင် ကြားနာပွဲအကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ရပ်နားခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီဝင်များနှင့် အတူ တက်ရောက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ၏ ဌာနဆိုင်ရာများနှင့် ကြားနာပွဲ(ပထမနေ့)ကျင်းပ





ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်သည့် ဌာနဆိုင်ရာများနှင့် ကြားနာပွဲအား (၁၄.၅.၂၀၂၀)ရက်နေ့၊ နံနက်(၀၉:၃၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ကျားခေါင်းခန်းမ၌ ကျင်းပခဲ့ပါသည်။

ပထမဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီဥက္ကဋ္ဌကလည်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်နယ်စီမံကိန်းမှူးတို့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ နံနက်ပိုင်းအစီအစဉ်တွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ ဖြစ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရေအရင်းအမြစ်ဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ဆွေးနွေးတင်ပြခဲ့ပြီး ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီများက အပြန်အလှန်ဆွေးနွေးကြကာ မွန်းလွဲ(၀၁:၁၅)နာရီတွင် နံနက်ပိုင်း အစီအစဉ်ကို ခေတ္တရပ်နားခဲ့ပါသည်။

၎င်းနောက် မွန်းလွဲ(၀၂:၁၅)နာရီတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများဖြစ်သည့် ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဆွေးနွေးတင်ပြ၍ ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီဝင်များက အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ညနေ(၀၅:၁၅)နာရီတွင် ပထမနေ့အစီအစဉ်ရပ်နားခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီဝင်များနှင့် အတူ တက်ရောက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ၏ ဌာနဆိုင်ရာများနှင့် ကြားနာပွဲ( ဒုတိယနေ့)ကျင်းပ




ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀ - ၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ် အတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်သည့် ဌာနဆိုင်ရာများနှင့် ကြားနာပွဲကို (၁၅.၅.၂၀၂၀)ရက်နေ့ နံနက်(၀၉:၃၀) နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ကျားခေါင်းခန်းမ၌ ကျင်းပခဲ့ပါသည်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ် အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ နံနက်ပိုင်းအစီအစဉ်တွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများဖြစ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတို့က ဆွေးနွေးတင်ပြခဲ့ပြီး ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီများက အပြန်အလှန်ဆွေးနွေးကြကာ မွန်းလွဲ(၁၂:၃၀)နာရီတွင် နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားခဲ့ပါသည်။

၎င်းနောက်မွန်းလွဲ(၀၁:၄၅)နာရီတွင်ပြည်နယ်အဆင့်ဌာနဆိုင်ရာများဖြစ်သည့်လမ်းဦးစီးဌာန၊ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ စည်ပင်သာယာရေးဌာနတို့က ဆွေးနွေးတင်ပြ၍ ရှမ်းပြည်နယ်လွှတ်တော်ရေးရာ ကော်မတီဝင်များက အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီးနောက် အခမ်းအနားအား ညနေ( ၀၅:၀၀ )နာရီတွင် ပြီးစီးခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးခွန်ရဲထွေး၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဦးစိုင်းရှုန်တစ်လုံ၊ ရှမ်းပြည်နယ်လွှတ်တော်ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ပါသည်။




# Covid -19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကျင်းပ







Covid -19 ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနားကို (၁၅.၅.၂၀၂၀)ရက်နေ့ နံနက် (၀၉:၃၀)နာရီ တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ကျားခေါင်းခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က ထောက်ပံ့လှူဒါန်းခဲ့သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကူညီဆောင်ရွက် ပေးခဲ့သော ရှမ်းပြည်နယ်မီးသတ်ဦးစီး ဌာနတို့အား ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန်တို့မှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဒါဝိဒ်နှင့် တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးခင်မောင်တင့်တို့က အခြေခံစားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း ရှမ်းပြည်နယ်လွှတ်တော်ရုံးအတွက် အသီးသီးပေးအပ်လှူဒါန်းခဲ့ကြရာ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

၎င်းနောက် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝင်းအတွင်း၊ ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦနှင့် ဧည့်ရိပ်သာတို့တွင် ပိုးသတ်ဆေး ဖြန်းခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့သည့် ရှမ်းပြည်နယ်မီးသတ် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးကိုလည်း ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါသည်။






# ရှမ်းပြည်နယ်လွှတ်တော်တွင် အထူးအစည်းအဝေး(၁/၂၀၂၀)မကျင်းပမီကျန်းမာရေး စစ်ဆေးမှုများပြုလုပ်




ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) မကျင်းပမီ (၁၇.၅.၂၀၂၀)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော် ရုံးဝန်ထမ်းများ၊ လုံခြုံရေးတာဝန်ကျရဲတပ်ဖွဲ့ဝင် များအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သော ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ပါသည်။






# ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသည့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် ဌာနဆိုင်ရာများနှင့် ကြားနာပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ



၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသည့် ဖြည့်စွက်ခွင့်ပြုငွေ စာရင်းနှင့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ဌာနဆိုင်ရာများနှင့် ကြားနာပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို (၁၅.၆.၂၀၂၀)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီအခန်း(၁)၌ ကျင်းပပါသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကား ပြောကြားပြီး၊ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသည့် ဖြည့်စွက် ခွင့်ပြုငွေစာရင်းနှင့် ၂၀၂၀ပြည့်နှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေနှင့် ပတ်သက်၍ရှင်းလင်းကာ တက်ရောက်လာသည့် ကော်မတီဝင်များက ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ဥပဒေ(မူကြမ်း)အပေါ် သုံးသပ်အကြံပြု နိုင်ရန် ဆွေးနွေးကြပါသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး၊ အစည်းအဝေးကို နံနက်(၁၁:၄၅)အချိန်တွင် ရပ်နားခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။





# ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ဌာနဆိုင်ရာများနှင့် ကြားနာပွဲ ကျင်းပ




ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)အပေါ် ဌာနဆိုင်ရာများနှင့် ကြားနာပွဲ အခမ်းအနားကို (၁၆.၆.၂၀၂၀) ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ကျားခေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးက ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများသည် အဆိုပါစာရင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း နယ်မြေဒေသ ကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ




ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက Covid-19 ရောဂါကာကွယ်ကုသရေးအတွက် အလှူငွေနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းနေစဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက Covid-19 ရောဂါကာကွယ်ကုသရေးအတွက် အလှူငွေနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းနေစဉ်




ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား နိုင်ငံတော်မှ အခြေခံစားသောက်ကုန်ထောက်ပံ့ ပေးအပ်ပွဲ အခမ်းအနားတွင် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်နေစဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား နိုင်ငံတော်မှ အခြေခံစားသောက်ကုန်ထောက်ပံ့ ပေးအပ်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားနေစဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားနေစဉ်




ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ရန်ပုံငွေလွှဲပြောင်းပေးအပ်နေစဉ်

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင် နယ်မြေဒေသ ကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





(၉.၄.၂၀၂၀)ရက်နေ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် အလှူရှင်များမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ဆောင်ရွက်ရေးကော်မတီသို့ လှူဒါန်းလာသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ် COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကော်မတီများသို့ ပြန်လည်ခွဲဝေလှူဒါန်းခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်မှ အမှာစကားပြောကြားခဲ့ပြီး မြို့နယ်(၃)မြို့နယ်သို့ Mask 1500 ခု၊ PPE ဝတ်စုံ ၁၅၀ စုံ၊ လက်အိတ် ၃၀၀ ခု၊ မျက်မှန် ၁၈ ခု၊ လက်သန့်ဆေး ၅ ဂါလံပုံး ၆ ပုံးနှင့် ပိုးသတ်ဆေး ၅ ဂါလံပုံး ၆ ပုံးတို့ကို လှူဒါန်းပေးအပ်ခဲ့ပါသည်။

(၂၈.၅.၂၀၂၀)ရက်နေ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ ကောင်တယင်ကျေးရွာတွင် KBZ bank နှင့် အလှူရှင်များမှ လှူဒါန်းသော COVID – 19 ထောက်ပံ့ရေးရိက္ခာများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ ကျေးရွာလူထုသို့ပေးအပ်လှူဒါန်းခြင်း အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ကျေးရွာသူ/သားများကို ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။






# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း နယ်မြေဒေသကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား နိုင်ငံတော်မှ အခြေခံစားသောက်ကုန်ထောက်ပံ့ ပေးအပ်ပွဲ အခမ်းအနားတွင် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်နေစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက နမ့်ဆန်ပြည်သူ့ဆေးရုံတွင် လက်ဆေးရည်နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းနေစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက မြို့နယ်အတွင်း COVID-19 ရောဂါကာကွယ်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက မြို့နယ်အတွင်း COVID-19 ရောဂါကာကွယ်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆောင်ရွက်နေစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆောင်ရွက်နေစဉ်

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန် နယ်မြေဒေသကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က လောက်ကိုင်မြို့နယ်အတွင်းရှိ နယ်စပ်စစ်ဆေး ရေးဂိတ်များမှ ဝင်ရောက်လာသူများအား အပူချိန်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က လောက်ကိုင်မြို့နယ်အတွင်းရှိ နယ်စပ်စစ်ဆေး ရေးဂိတ်များမှ ဝင်ရောက်လာသူများအား အပူချိန်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က နယ်စပ်စစ်ဆေး ရေးဂိတ်များမှ ပြန်လည်ဝင်ရောက် လာသည့် မြန်မာနိုင်ငံသားများအား  Facility Quarantine ထားရှိရန် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကွင်းဆင်းနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က နယ်စပ်စစ်ဆေး ရေးဂိတ်များမှ ပြန်လည်ဝင်ရောက် လာသည့် မြန်မာနိုင်ငံသားများအား  Facility Quarantine ထားရှိရန် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကွင်းဆင်းနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က နယ်စပ်စစ်ဆေး ရေးဂိတ်များမှ ပြန်လည်ဝင်ရောက် လာသည့် မြန်မာနိုင်ငံသားများအား  Facility Quarantine ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က မန်တုံပါးကျေးရွာအတွင်း ဈေးလမ်းနှင့် ကျေးရွာလမ်းမကြီးအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေအား ကွင်းဆင်းနေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးမြင့်လွင်က ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း(၆၀)ပေးအပ်နေစဉ်




မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအားမဲက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် COVID – 19 ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပစ္စည်းများ ပေးအပ်နေစဉ်



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးမြင့်လွင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း(၄၀)ပေးအပ်နေစဉ်



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလုံက နမ့်စန်မြို့နယ်၊ လွိုင်လကျေးရွာအုပ်စု ပန်ဆာကျေးရွာမှ လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်နေစဉ်



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးမြင့်လွင်က မိုင်းခတ်မြို့၊ ဝမ်အွန်ကျေးရွာအုပ်စု၊ အင်ဝမ်မတ်ကျေးရွာ မီးဘေးသင့်အတွက် အလှူငွေကျပ် သိန်း(၂၀)ပေးအပ်နေစဉ်



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလုံက နမ့်စန်မြို့နယ်၊ လေဘေးသင့် ပြည်သူများအား ပြန်လည်ထူထောင်ရေး ထောက်ပံ့ငွေများ ပေးအပ်နေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလှဝင်းက မိုင်းပျဉ်းမြို့နယ်၊ မြို့မပန်းခြံအတွင်း၌ မြို့နယ်လုံးဆိုင်ရာ အားကစားပြိုင်ပွဲတွင် အဖွင့်အမှာစကားပြောကြားနေစဉ်



မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလှဝင်းက မိုင်းပျဉ်းမြို့နယ်၊ မြို့မပန်းခြံအတွင်း၌ မြို့နယ်လုံးဆိုင်ရာ အားကစားပြိုင်ပွဲတွင် ဆုချီးမြှင့်နေစဉ်




မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းအောင်ခမ်းက မိုင်းပန် - နောင်လေ - မိုက်ပုတ် မြေသားလမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုနေစဉ်



မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းအောင်ခမ်းက မိုင်းပန် - နောင်လေ - မိုက်ပုတ် မြေသားလမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုနေစဉ်



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးလင်းအောင်ဆွေက နမ့်စန်မြို့နယ်၊ ပိန်းဆည်ကျေးရွာအုပ်စုအတွင်းရှိ လေဘေးသင့်ကျေးရွာများအား ကွင်းဆင်းနေစဉ်



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးလင်းအောင်ဆွေက နမ့်စန်မြို့နယ်၊ လွိုင်လကျေးရွာအုပ်စု ပန်ဆာကျေးရွာမှ လေဘေးသင့် ပြည်သူများအား အလှူငွေ ပေးအပ်နေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ထွဏ်းက နမ့်ဆန်မြို့နယ် ဇယန်းမြောက်နမ့်ခေးကျေးရွာနှင့် တောင်မကျေးရွာအုပ်စု လပိုင်းကျေးရွာ လျှပ်စစ်မီးသွယ်တန်းရေး ကွင်းဆင်းကြည့်ရှုနေစဉ်




ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းထွန်းဝင်းနှင့် မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းထွန်းညဏ်တို့က မိုင်းလုံမြို့တွင် COVID-19 ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပစ္စည်းများ ပေးအပ်နေစဉ်



နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ထွဏ်းက နမ့်ဆန်မြို့နယ်၊ လွယ်ကြူ-ကျောက်ဖြူလေး ကျောက်လမ်း (၃/၄)မိုင် ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုနေစဉ်



ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဒေါက်တာဝဏ္ဏစိုးက (၂၀၁၉-၂၀၂၀) ပြည်ထောင်စုဘက်ဂျက်ဖြင့် တည်ဆောက်နေသော တည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းနေစဉ်



နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ထွဏ်းက နမ့်ဆန်မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများဖြစ်သော မန်မိုင်ရပ်ကွက် ကတ္တရာခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုနေစဉ်



မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးမင်းမင်းသိန်းက မဘိမ်းမြို့နယ်တွင် COVID-19 ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပစ္စည်းများ ပေးအပ်နေစဉ်

ထုတ်ဝေသူ-ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ(၃၂၀)